# ဆရာများအတွက်အမှာစာ

## ၁။ ဆရာလမ်းညွှန်အသုံးပြုပုံ

### (က) ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်စာအုပ်ကို ဆရာများ အနေဖြင့် စတုတ္ထတန်း အနုပညာ(ပန်းချီ)ဘာသာရပ် သင်ကြားရာတွင် အထောက်အကူပြုနိုင်ရန် ရေးသားပြုစုထားပါသည်။ အနုပညာ (ပန်းချီ) ဘာသာရပ်ကို ပန်းချီအနုပညာ၊ လက်မှုအနုပညာနှင့် ရသခံစားတန်ဖိုးထားမှုစသော နယ်ပယ် ၃ခုဖြင့် ဖွဲ့စည်းထားပါသည်။

စတုတ္ထတန်းအနုပညာ(ပန်းချီ)ဘာသာရပ်တွင် ပန်းချီနယ်ပယ်ကို သင်ကြားရခြင်း၏ ရည်ရွယ်ချက်များမှာ ထုထည်ရှိသောအရာဝတ္ထုများကို အမြင်အမျိုးမျိုးဖြင့် ရေးဆွဲတတ်ရန်၊ သဘာဝရှုခင်းကို မိမိ၏ စိတ်ကူးထင်မြင်ချက်များဖြင့် ရှုထောင့်အမျိုးမျိုး ဖန်တီးရေးဆွဲပြီး ဆေးခြယ်တတ်ရန်၊ တတိယအရောင်နှင့် အရောင်များ၏ သဘောသဘာဝကို သိရှိ၍ ဆေးခြယ်အသုံးပြုတတ်ရန်တို့ ဖြစ်ပါသည်။


လက်မှုနယ်ပယ်ကို သင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးမျိုးသော ပစ္စည်းကိရိယာများကို အသုံးပြု၍ လက်မှုအနုပညာပစ္စည်းများကို ပျော်ရွှင်စွာ ဖန်တီးပြုလုပ်တတ်ရန် ဖြစ်ပါသည်။

ရသခံစားတန်ဖိုးထားမှုနယ်ပယ်ကို သင်ကြားရခြင်းမှာ အနုပညာရှင်တို့၏ လက်ရာများကို လေ့လာပြီး မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများအား သိရှိနားလည်၍ တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် ရည်ရွယ်ပါသည်။

အထက်ပါရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စွာ သင်ကြားနိုင်ရန် ဤဆရာလမ်းညွှန်စာအုပ်ကို ပြုစုထားသဖြင့် အနုပညာ(ပန်းချီ) ဘာသာရပ်သင်ကြားမည့် ဆရာ၊ ဆရာမများသည် ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာ မသင်ကြားမီ ဆရာလမ်းညွှန်ပါ သင်ကြားသင်ယူမှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို ကြိုတင်လေ့လာထားရန် လိုအပ်ပါသည်။

### (ခ) ဆရာလမ်းညွှန်ဖွဲ့စည်းတည်ဆောက်ပုံ

ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာတစ်ခုချင်းစီကို အပိုင်းကဏ္ဍ ၈ခုဖြင့် ဖွဲ့စည်းထားပါသည်။ ထိုအပိုင်းကဏ္ဍများမှာ ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာ၊ သင်ခန်းစာခေါင်းစဉ်နှင့် စာသင်ချိန်၊ သင်ယူမှုဦးတည်ချက်၊ စစ်ဆေးအကဲဖြတ်ခြင်း၊ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ၊ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်၊ သတိပြုရမည့်အချက်များ၊ မှတ်ချက်တို့ ဖြစ်ပါသည်။



**(၁) ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ**

ဆရာလမ်းညွှန်ပါ သင်ခန်းစာဖြစ်စဉ် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်နှင့် အလွယ်တကူ နှိုင်းယှဉ်လေ့လာနိုင်ရန် ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ၏ စာမျက်နှာကို မိတ္တူကူးယူဖော်ပြထားပါသည်။

**(၂) သင်ခန်းစာခေါင်းစဉ်နှင့်စာသင်ချိန်**

သင်ခန်းစာခေါင်းစဉ်နှင့် သင်ကြားရမည့် စာသင်ချိန် အရေအတွက်ကို ရေးသားဖော်ပြထားပါသည်။

ဥပမာ- သင်ခန်းစာ ၂-၄ ပတ်ဝန်းကျင်ရှိပစ္စည်းများဖြင့် ပုံနှိပ်ကူးယူရေးဆွဲခြင်း။ စာသင်ချိန် ၁ ချိန်

**(၃) သင်ယူမှုဦးတည်ချက်**

ဆရာ၊ ဆရာမများသည် သင်ယူမှုဦးတည်ချက်ကို ကောင်းစွာ နားလည်သဘောပေါက်ပြီး ထိုဦးတည်ချက် ပေါက်မြောက်ရန်အတွက် မှန်ကန်သော သင်ကြားသင်ယူမှု လုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း သင်ကြားပေးရန် လိုအပ်ပါသည်။

**(၄) စစ်ဆေးအကဲဖြတ်ခြင်း**

သင်ယူမှုဦးတည်ချက် ပေါက်မြောက်အောင်မြင်မှု ရှိ မရှိကို အလွန်ကောင်း (Advanced)၊ ကောင်း (Satisfactory)နှင့် ကြိုးစားရန်လို (Emerging)အဆင့် ၃ ဆင့်ဖြင့် စစ်ဆေးအကဲဖြတ်ရန် ဖော်ပြထားပါသည်။ ကလေးများ၏ သင်ယူတတ်မြောက်မှုသည် အနိမ့်ဆုံး ကောင်း (Satisfactory)အဆင့်ရရှိစေရန် ဆရာက မျှော်မှန်း၍ သင်ကြားပေးရပါမည်။ ဆရာက သင်ကြားနေစဉ်နှင့် သင်ကြားပြီးချိန်တို့တွင် သင်ခန်းစာနှင့် လျော်ညီသည့် စစ်ဆေးအကဲဖြတ်ခြင်းကို ပြုလုပ်ရပါမည်။ ကလေးတစ်ဦးချင်းစီ၏ သင်ယူမှုရလဒ်ကို မှတ်သားထားနိုင်ရန် စစ်ဆေးအကဲဖြတ်ခြင်း မှတ်တမ်းစာအုပ်ကို ပြင်ဆင်ထားရပါမည်။

**(၅) သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ**



အနုပညာ(ပန်းချီ)ဘာသာရပ်တွင် အသုံးပြုမည့် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို သင်ခန်းစာ မစတင်မီ ကြိုတင်ပြင်ဆင်ထားရန် အရေးကြီးပါသည်။ သင်ခန်းစာပေါ်မူတည်၍ လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပြု ပစ္စည်းများကို ၂ရက်သို့မဟုတ် ၃ရက် ကြိုတင်စုဆောင်းရပါမည်။ ဥပမာ- သင်ခန်းစာ ၄-၅ စွန့်ပစ်ပစ္စည်းများဖြင့် အရုပ်ပြုလုပ်ခြင်းတွင် အသုံးပြုမည့် ပတ်ဝန်းကျင်ရှိ စွန့်ပစ်ပစ္စည်းများ (ဥပမာ- သစ်ရွက်ခြောက်၊ သတင်းစာစက္ကူ၊ ကော်ဖီမစ် အိတ်အခွံ. . . စသည်)ကို ကြိုတင်မှာကြားခြင်းဖြင့် ပြင်ဆင်မည့်အချိန်ကို ပေးရမည်။ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းဖြစ်သည့် ရှုံ့စေးပြင်ဆင်ရာတွင် ပထမတန်းဆရာလမ်းညွှန်စာအုပ်ပါ ရွှံ့ပြင်ဆင်ပုံအဆင့်ဆင့်ကို ပြန်လည် ကိုးကား၍ ကြိုတင်ပြင်ဆင်ရပါမည်။

DBE Box

စတုတ္ထတန်း ရေဆေးသင်ခန်းစာများ သင်ကြားရာတွင် အောက်ပါအချက်များကို သတိပြုရမည်။

**စုတ်တံ အသုံးပြုနည်း**

- စုတ်တံကိုင်၍ ဆေးခြယ်ရာတွင် ဧရိယာကျယ်ကျယ်ကို ခြယ်လိုပါက စုတ်တံအဖျားမှ ကိုင်တွယ်အသုံးပြုရမည်။ စုတ်တံဖြင့် ဆေးယူရာတွင် ဆေးမများလွန်းစေရန် သတိပေးရမည်။


- စုတ်တံဖြင့် ရေဆေးယူရာတွင် လိုသည်ထက်များပါက ဆေးခွက်နှုတ်ခမ်းဝတွင် စုတ်တံမွေးကို ခြစ်ချ၍ ဆေးပမာဏလျှော့နိုင်သည်။ ထိုသို့ပြုလုပ်စဉ် စုတ်တံကို မခါမိစေရန် သတိပေးရမည်။
- ရေဆေးတစ်ရောင်သုံးပြီးတိုင်း စုတ်တံဆေးရန် ခွက်ထဲတွင် သေချာဆေးကြောပြီးမှ အခြားအရောင်ကို ယူစေမည်။
- စုတ်တံကိုသုတ်ရန်အတွက်အဝတ်စ သို့မဟုတ် တစ်ရှူးစက္ကူကို ကလေးများအား အိမ်က ယူဆောင်လာစေမည်။
- ဆေးကြောပြီးသော စုတ်တံများကို အဝတ်စ သို့မဟုတ် တစ်ရှူးစက္ကူများဖြင့် သေချာစွာသုတ်၍ သိမ်းဆည်းစေမည်။

**ရေဆေးရေးဆွဲရန် ပြင်ဆင်နည်း**

- သင်ခန်းစာများ မစတင်မီ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို အုပ်စုအရေအတွက်အလိုက် ကြိုတင်ပြင်ဆင်ထားရမည်။ ရေဆေးထည့်ရန် ခွက်မရှိပါက ရေသန့်ဘူးခွံကိုပိုင်း၍ အသုံးပြုနိုင်သည်။
- ဆရာက စာသင်ချိန်မစတင်မီရေဆေးကို မပျစ်လွန်းမကျဲလွန်းအောင် ဖျော်ထားရမည်။ ဖျော်ထားသော ရေဆေးများထည့်ရန် ပုံတွင် ပြထားသည့် ဘူးမျိုးမရှိပါက ရေသန့်ဘူးခွံ အလွတ်ကို အပေါက်ဖောက်၍ အသုံးပြုနိုင်သည်။



- အချို့သင်ခန်းစာများတွင် ကလေးများ အတွေ့အကြုံရစေရန် ရေဆေးကို ရေဆေးထည့်သည့် ခွက်ထဲသို့ ကိုယ်တိုင်ထည့်ခွင့် ပေးနိုင်သည်။ ဆေးထည့်ရာတွင် လိုအပ်သည့် ပမာဏကိုသာ ထည့်စေမည်။
- ရေဆေးဖျော်ရန်နှင့် စုတ်တံဆေးရန်အတွက် ရေအကြည်ထည့်ထားသော ရေပုံးတစ်ပုံး ပြင်ဆင်ထားရမည်။
- ရေဆေးအသုံးပြုရာတွင် မျက်နှာ၊ ခန္ဓာကိုယ်၊ စားပွဲတို့ မညစ်ပေစေရန်နှင့် ရေဆေးကိုင်ထားသော လက်ဖြင့် နှုတ်ခမ်းကို မကိုင်မိစေရန် သတိပေးရမည်။
- စာရေးစားပွဲများ မညစ်ပတ်စေရန် ပြက္ခဒိန်အဟောင်း သို့မဟုတ် သတင်းစာစက္ကူများကို ကြိုတင်ပြင်ဆင်ခင်းထားရမည်။
- ဆရာက ရေပုံးအလွတ်ကို ကြိုတင်ပြင်ဆင်ထားရန်နှင့် ဆက်လက်သုံးစွဲမရနိုင်သည့် ရေဆေးအကျန်များကို စွန့်ပစ်ရမည်။ ဆက်လက်သုံးစွဲရနိုင်သည့် ရေဆေးများကို ပြန်လည်သိမ်းဆည်း၍ နောက်စာသင်ချိန်တွင် အသုံးပြုစေမည်။
- သင်ခန်းစာပြီးဆုံးပါက စုတ်တံနှင့် ဆေးစပ်ခွက်များကို စင်ကြယ်စွာ ဆေးကြောသိမ်းဆည်းရမည်။ ကလေးများ၏ လက်ကို ရေဖြင့် ဆေးကြောစေမည်။

DBE BOX

## (၆) သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

သင်ကြားသင်ယူမှု လုပ်ငန်းစဉ်တွင် အပိုင်း ၃ ပိုင်းရှိပါသည်။ နိဒါန်း၊ သင်ခန်းစာဖြစ်စဉ်နှင့် နိဂုံးတို့ ဖြစ်ပါသည်။ ဆရာနှင့်ကလေးများ၏ နှစ်ဦး နှစ်ဖက်သင်ကြားသင်ယူမှုပုံစံဖြင့် တင်ပြထားခြင်းဖြစ်ပါသည်။ဆရာ၏လုပ်ဆောင်မှုကို ■သင်္ကေတဖြင့်လည်းကောင်း၊ ကလေး၏ လုပ်ဆောင်မှုကို ●သင်္ကေတဖြင့်လည်းကောင်း ဖော်ပြထားပါသည်။ ထိုအပိုင်း ၃ ပိုင်းတွင် ကလေးများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်း၊ ခံစားသိရှိခြင်း၊ တီထွင်ဖန်တီးခြင်း၊ ထုတ်ဖော်တင်ပြခြင်းများကို အထောက်အကူပြုနိုင်သည့် မေးခွန်းများ မေးခြင်း၊ လုပ်ငန်းများပေးခြင်း၊ ပံ့ပိုးကူညီပေးခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်းများ ပြုလုပ်နိုင်မည့် ညွှန်ကြားချက်များ ပေးထားပါသည်။ ပန်းချီအနုပညာ၊ လက်မှုအနုပညာနှင့် ရသခံစားတန်ဖိုးထားမှုနယ်ပယ် ၃ ရပ်ပါ သင်ခန်းစာများ ကို သင်ကြားရာတွင် အသုံးပြုနိုင်မည့် သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များကို နမူနာအဖြစ် တင်ပြထားပါသည်။ နိဒါန်း၊ သင်ခန်းစာဖြစ်စဉ်၊ နိဂုံးတို့တွင် ဖော်ပြထားသော ကြာချိန်မှာ ခန့်မှန်းဖော်ပြထားခြင်း ဖြစ်ပါသည်။ ကလေးများ၏ သင်ယူမှုအပေါ် မူတည်၍ အပြောင်းအလဲလုပ်နိုင်ပါသည်။

## (၇) သတိပြုရမည့်အချက်များ

ဤအပိုင်းကဏ္ဍတွင် သင်ခန်းစာသင်ကြားနေစဉ် လိုက်နာရမည့်အချက်များနှင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ အန္တရာယ် ကင်းရှင်းစွာ အသုံးပြုနည်းများကို ဖော်ပြထားပါသည်။ အထူးသဖြင့် ကတ်ကြေးအသုံးပြုပုံ၊ အသုံးပြုနည်းများကို အန္တရာယ်ကင်းရှင်းရေးအတွက် အသုံးမပြုမီ သေချာစွာ သတိပေးရမည်။ ကျောင်းသုံးစာအုပ်မိတ္တူပါ ဓာတ်ပုံများ၊ ပန်းချီများတွင် နံပါတ်များတပ်၍ ၎င်းတို့နှင့် ပတ်သက်သည့်လုပ်ငန်းများ ဆောင်ရွက်ရာ၌ သတိပြုလိုက်နာရမည့် အချက်များကိုလည်း အသေးစိတ်ရှင်းလင်းထားပါသည်။ နံပါတ်ဖော်ပြမထားသောအချက်များမှာ သင်ခန်းစာ တစ်ခုလုံးအတွက် သတိပြုရမည့်အချက်များဖြစ်ပါသည်။

## (၈) မှတ်ချက်

သင်ခန်းစာအလိုက် သိရှိနားလည်ရန် ထပ်မံဖြည့်စွက်ထားသော အချက်များကို မှတ်ချက်ဖြင့် ဖော်ပြထားပါသည်။ မှတ်ချက်သည် လိုအပ်ချက်အလိုက် ဖြည့်စွက်ထားသည်ဖြစ်ရာ သေချာစွာဖတ်ရှု၍ နားလည်အောင် ပြုလုပ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ ဥပမာ- စာသင်ချိန်တွင် ကလေးများ ကြိုတင်ယူဆောင်လာရမည့် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို မှာကြားခြင်း. . . စသည်တို့ဖြစ်ပါသည်။

DBE BOX

## ၂။ မူလတန်းအဆင့် အနုပညာ(ပန်းချီ)ဘာသာရပ်တည်ဆောက်ပုံ

အနုပညာ(ပန်းချီ)ဘာသာရပ်ကို ပန်းချီအနုပညာ၊ လက်မှုအနုပညာ၊ ရသခံစားတန်ဖိုးထားမှုစသော နယ်ပယ် ၃ ခုဖြင့် တည်ဆောက်ထားပါသည်။ နယ်ပယ်အလိုက်ပါရှိသော အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| နယ်ပယ် / အတန်း | ပန်းချီအနုပညာ | လက်မှုအနုပညာ | ရသခံစားတန်ဖိုးထားမှု |
|---|---|---|---|
| ပထမတန်း | ရောင်စုံခဲတံ ဖယောင်းရောင်စုံတို့ဖြင့် မျဉ်းများ ရေးဆွဲခြင်း<br>ရုပ်ပုံများရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း | စက္ကူကို အသုံးပြု၍ လက်မှုပစ္စည်းများ ပြုလုပ်ခြင်း<br>ပတ်ဝန်းကျင်ရှိ အလွယ်တကူရရှိနိုင်သော ပစ္စည်းများဖြင့် လက်မှုပစ္စည်းများပြုလုပ်ခြင်း | မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း |
| ဒုတိယတန်း | အခြေခံပုံသဏ္ဌာန်များရေးဆွဲခြင်း<br>ပုံသဏ္ဌာန်များကို ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်း | စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း<br>မိမိပတ်ဝန်းကျင်ရှိပစ္စည်းများကို အသုံးပြု၍ လက်မှုပစ္စည်းများ ဖန်တီးခြင်း | မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း |
| တတိယတန်း | အခြေခံပုံဆွဲပညာဖြင့် အရာဝတ္ထုများကို ကြည့်ရှု ရေးဆွဲခြင်း<br>အခြေခံအရောင်နှင့် အရောင်ရောနှောမှု သဘော သဘာဝတို့ကို သိရှိခြင်း<br>ရုပ်ပုံများကို စိတ်ကူးဖြင့် ရေးဆွဲခြင်း | လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင် ဖန်တီးခြင်း | မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း |
| စတုတ္ထတန်း | ထုထည်များကို ရေးဆွဲခြင်း<br>အရောင်များကို လေ့လာခြင်း<br>ပန်းချီကားဖန်တီးရေးဆွဲခြင်း | လက်မှုပစ္စည်းများ ပြုလုပ်ခြင်း | မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း |
| ပဉ္စမတန်း | ပန်းချီကားဖန်တီးရေးဆွဲခြင်း | လက်မှုပစ္စည်းများ ပြုလုပ်ခြင်း | မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း |

မူလတန်းအဆင့်တွင် မူလတန်းအောက်ဆင့်(ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း)နှင့် မူလတန်းအထက်ဆင့်(စတုတ္ထတန်း၊ ပဉ္စမတန်း)ဟူ၍ ခွဲခြားထားပါသည်။ ကလေးငယ်များ၏ အသက်အရွယ်နှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု ဖြစ်စဉ်များအရ ဤသို့ခွဲခြားသတ်မှတ်ထားခြင်း ဖြစ်သည်။ အနုပညာ(ပန်းချီ)ဘာသာရပ် မူလတန်းအောက်ဆင့်သည် အသက် ၆ နှစ်မှ ၈ နှစ်အရွယ် ကလေးများနှင့် ကိုက်ညီသော အကြောင်းအရာများကို ရည်ရွယ်၍ ရေးဆွဲပြုစုထားခြင်းဖြစ်သည်။ ဘာသာစကားနှင့် အခြားသောလိုအပ်ချက်များအရ မူလတန်းအောက်ဆင့်သင်ရိုးများသည် ကလေးငယ်များနှင့် ပြောဆိုဆက်ဆံပြီး အတူတကွ ပြုလုပ်နိုင်သော လေ့ကျင့်ခန်းများကို ထည့်သွင်းရေးဆွဲထား ပါသည်။ ကလေးငယ်များ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေသည့် အပြုအမူများပေါ် အခြေခံ၍ သင်ရိုးရေးဆွဲထားခြင်းဖြစ်သည်။ ကလေးငယ်များသည် အနုပညာကို ခံစားနားလည်စေရန် အတွက် သင်ရိုးကို အဓိကထား ပြုစုထားပါသည်။

မူလတန်းအထက်ဆင့်သည် အသက် ၉ နှစ်မှ ၁၀ နှစ်အရွယ် ကလေးများအတွက် ရေးဆွဲထားခြင်းဖြစ်သည်။ ဘာသာစကားအသုံးပြုနိုင်မှုနှင့် အခြားသော စွမ်းရည်များ အတော်အသင့်ရှိလာမည့် အသက်အရွယ်ဖြစ်သည်။ မူလတန်းအထက်ဆင့်တွင် ပါဝင်သော သင်ခန်းစာများသည် အနုပညာ ဖန်တီးမှု၏ အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများ ရရှိစေမည့် သင်ခန်းစာများကို ထည့်သွင်းရေးဆွဲထားပါသည်။ နိုင်ငံ့သားကောင်းတစ်ဦး အဖြစ် ရပ်တည်သွားကြမည့် ကလေးတစ်ဦးချင်းစီအတွက် အနုပညာဆိုင်ရာ ခံစားမှု၊ နားလည်သဘောပေါက်မှုနှင့် ဖန်တီးတတ်မှု အစရှိသည့် ကျွမ်းကျင်မှုများရရှိစေရန် ရည်ရွယ်၍ အနုပညာ(ပန်းချီ)ဘာသာရပ်ကို ဖွဲ့စည်းတည်ဆောက်ထားပါသည်။

DBE BOX

## ၃။ သင်ယူရရှိမည့် စွမ်းရည်

(၁) စဉ်းစားတွေးခေါ်နိုင်မှု စွမ်းရည်၊

(၂) တီထွင်ဖန်တီးနိုင်မှု စွမ်းရည်၊

(၃) ပူးပေါင်း ဆောင်ရွက်တတ်မှု စွမ်းရည်၊

(၄) မြင်ကွင်းတစ်ခုရှိ အရှေ့အနောက် အနီးအဝေးနှင့် ထုထည်သဘောကို ပြန်လည်ဖော်ထုတ် တင်ပြနိုင်မှု စွမ်းရည်၊

(၅) ရေဆေးရေးဆွဲနည်းဆိုင်ရာ စွမ်းရည်တို့ ရရှိပါမည်။

## ၄။ အသစ်ထည့်သွင်းထားသော နယ်ပယ်များ

အသစ်ထည့်သွင်းထားသော နယ်ပယ်များ မရှိပါ။

## ၅။ ရရှိမည့်စွမ်းရည်များကို ပြုစုပျိုးထောင်ရန်လိုအပ်သော သင်ယူပုံ

အနုပညာ(ပန်းချီ) ဘာသာရပ်ကို သင်ကြားသင်ယူရာတွင် ထိရောက်မှုရှိစေရန် ဆရာလမ်းညွှန်ပါ အကြောင်းအရာများကို ကြိုတင်လေ့လာပြီး လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ နိဒါန်းပိုင်းတွင် ဆရာက သင်ကြားမည့် သင်ခန်းစာနှင့် ကလေးများ၏ နေ့စဉ်ဘဝရှိ ရင်းနှီးသော အကြောင်းအရာများကို ဆက်စပ်ပြီး မေးခွန်းမေး၍ဖြစ်စေ ကလေးများ သင်ခန်းစာကို စိတ်ပါဝင်စားအောင် ဆောင်ရွက်ရမည်။

သင်ခန်းစာဖြစ်စဉ်အပိုင်းတွင် ပုံရေးဆွဲနည်းနှင့် ပြုလုပ်ပုံ အဆင့်ဆင့်တို့ကို ကလေးများနားလည်သည်အထိ တစ်ဆင့်ချင်းစီ အချိန်ပေး၍ သင်ယူစေပါမည်။ နမူနာပြုလုပ်ပြသချိန်တွင် ကလေးများအားလုံးမြင်နိုင်သော အရွယ်အစားဖြင့် ပြုလုပ်ပြရမည်။ သို့မှသာ ကလေးများ ရှင်းလင်းစွာ မြင်နိုင်ပြီး နားလည်သဘောပေါက်မည်ဖြစ်သည်။ အတန်းတွင်း လှည့်လည်ကြည့်ရှုပြီး ချီးကျူးခြင်း၊ ကောင်းစွာ မပြုလုပ်နိုင်သော ကလေးများကို ပံ့ပိုးကူညီခြင်းများ ပြုလုပ်ပေးရမည်။ ကလေးများအား မိမိတို့၏လက်ရာများကို ကိုယ်တိုင်စဉ်းစား၍ ပြုလုပ်စေခြင်းဖြင့် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းတို့ကို ပြုစုပျိုးထောင်နိုင်မည်ဖြစ်ပါသည်။ ကလေးများ ပျော်ရွှင်စွာ သင်ယူနိုင်မှသာ ပန်းချီကို နှစ်သက်ပြီး အနုပညာကို ချစ်မြတ်နိုးသည့်စိတ်၊ ဆက်လက်သင်ယူလိုသည့် စိတ်များတိုးပွားလာမည် ဖြစ်ပါသည်။

ဆရာလမ်းညွှန်ရှိ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ၏ အသုံးပြုပုံနှင့် သတိပြုရမည့်အချက်များကို ဆရာက သေချာစွာ နားလည်ပြီး ကလေးများကို ရှင်းပြပေးခြင်းသည် ထိရောက်သော သင်ကြားသင်ယူမှုဖြစ်ရန် အရေးပါပါသည်။

နိဂုံးတွင် သင်ကြားသင်ယူခဲ့သော အကြောင်းအရာများကို ဆရာက အကျဉ်းချုံးခြင်းမျိုးမဟုတ်ဘဲ ကလေးများက လက်ရာများနှင့် ပတ်သက်၍ ရှင်းပြစေခြင်း၊ ကလေး အချင်းချင်း လေ့လာပြီး ကောင်းသောအချက်များကို ရှာဖွေစေခြင်း၊ သူငယ်ချင်း၏ လုပ်ဆောင်မှုကို ကြည့်၍ လေ့လာစေခြင်းတို့ ပြုလုပ်ပေးရန် အရေးကြီးပါသည်။ ထို့ပြင် အသုံးပြုပြီးသော သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများအား ကလေးများကို စနစ်တကျသိမ်းဆည်းသည့် အလေ့အကျင့်ရစေရန် လမ်းညွှန်ပေးရမည်။

## ၆။ သင်ကြားရာတွင် သတိပြုရမည့်အချက်များ

(က) အုပ်စုလိုက် ဆောင်ရွက်ရသည့် လုပ်ငန်းများပို၍ များပြားလာသည့်အတွက် ဆရာက ထိုင်ခုံနေရာချထားခြင်းနှင့် အုပ်စုဖွဲ့ခြင်းတို့ကို ကြိုတင်စဉ်းစားထားရမည်။ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ စနစ်တကျဝေပေးနိုင်ရမည်။ ကလေးများက အုပ်စုကိုယ်စားပြုပြီး အတန်းရှေ့ထွက်၍ မရှင်းပြမီ ရှင်းပြမည့်အချက်များကို သေချာစွာ တိုင်ပင်ဆွေးနွေးစေမည်။

(ခ) စတုတ္ထတန်းတွင် အသက်အရွယ်အလိုက် လျော်ညီသော သင်ခန်းစာများ ပြဋ္ဌာန်းထားရှိသဖြင့် စာသင်ချိန် ၂ ချိန်ရှိသော သင်ခန်းစာများ တိုးလာသည်။ ပထမစာသင်ချိန်နှင့် တစ်ဆက်တည်းသင်ကြား၍ မရနိုင်ပါက ပထမစာသင်ချိန်မှ လက်ရာများကို သေချာစွာ သိမ်းဆည်းထားရမည်။

## ၇။ စစ်ဆေးအကဲဖြတ်ခြင်းနှင့် သက်ဆိုင်သော သတိပြုရမည့်အချက်များ

စတုတ္ထတန်း အနုပညာ(ပန်းချီ)ဘာသာရပ် စာသင်ချိန်အသီးသီးရှိ သင်ယူမှုဦးတည်ချက်များ ပေါက်မြောက်မှု ရှိ မရှိကို Rubric ပုံစံဖြင့် ကျွမ်းကျင်မှုပိုင်းနှင့် စိတ်ကူးအတွေးအမြင်ပိုင်းတို့ကို စစ်ဆေးအကဲဖြတ်ခြင်းပြုလုပ်ပါသည်။ ရုပ်ပုံများရေးဆွဲရာတွင် မျဉ်းကြောင်းကို ပြေပြစ်ချောမွေ့စွာ ရေးဆွဲနိုင်မှု၊ ကိရိယာများကို စနစ်တကျမှန်ကန်စွာ အသုံးပြု၍ လက်မှုပစ္စည်းများကို ပြုလုပ်နိုင်မှုသည် ကျွမ်းကျင်မှုအပိုင်းကို စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။ မိမိတို့ ကိုယ်တိုင်ရေးဆွဲထားသောပုံများ၊ ပြုလုပ်ထားသော လက်မှုပစ္စည်းများနှင့် ပတ်သက်ပြီး မည်ကဲ့သို့ စဉ်းစား၍ ဖန်တီးထားသည်ကို ရှင်းပြနိုင်ခြင်းသည် စိတ်ကူးအတွေးအမြင်ပိုင်းကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ သင်ခန်းစာအလိုက် Rubric ပုံစံဖြင့် စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုသည့်ဇယားကို နမူနာအဖြစ် အောက်ပါအတိုင်း ဖော်ပြထားပါသည်။



ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာဦးတည်ချက်ကို အခြေခံ၍ သင်ခန်းစာအားလုံး စစ်ဆေးအကဲဖြတ်ခြင်းများအား Rubric ပုံစံဖြင့် ဖော်ပြထားပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ကလေးများက သင်ခန်းစာ၏ သင်ယူမှုဦးတည်ချက်ပါအတိုင်း နားလည်သဘောပေါက်မှု အဆင့်ကို အကဲဖြတ်ရမည်။ စစ်ဆေးအကဲဖြတ်ခြင်း၏ ရလဒ်များကို အခြေခံ၍ သင်ကြားသင်ယူမှု နည်းလမ်းများကို ပြန်လည်ဆန်းစစ်ပြီး ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်းသည် အရေးကြီးပါသည်။

ထို့ပြင် သင်ခန်းစာအသီးသီးရှိ Rubricပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း မှတ်တမ်းသည် အထက်တွင် ဖော်ပြထားသကဲ့သို့ ကလေးများ၏ သင်ယူမှုကို ပံ့ပိုးပေးရာ၌ အသုံးပြုနိုင်သည့်အပြင် ပညာရည်မှတ်တမ်း အမှတ်စာရင်းဖြည့်စွက်ရာတွင်လည်း မှီငြမ်းနိုင်ပါသည်။ ထိုသို့မှီငြမ်းရာတွင် သင်ခန်းစာများ၏ စစ်ဆေးအကဲဖြတ်ခြင်းရလဒ်ကို ခြုံငုံကြည့်ရှု၍ မှတ်တမ်းတင်ခြင်းသည် အလွန်အရေးကြီးပါသည်။

### စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ အချက်များ

| သင်ခန်းစာ | အခန်း (၃) သင်ခန်းစာ (၄) ပန်းချီကားတစ်ချပ်ကို ပူးပေါင်းဖန်တီးခြင်း | | |
|---|---|---|---|
| သင်ယူမှုဦးတည်ချက် | မှတ်မိသောအကြောင်းအရာများကို စိတ်ကူးဖြင့် ပူးပေါင်းပုံဖော် ရေးဆွဲရှင်းပြတတ်ရန်။ | | |
| စစ်ဆေးအကဲဖြတ်မည့်အချက် | အလွန်ကောင်း (A) | ကောင်း (S) | ကြိုးစားရန်လို (E) |
| ပန်းချီကားချပ်များကို သဘာဝကျစွာ ရေးဆွဲနိုင်ခြင်း။ (ကျွမ်းကျင်မှု) | မှတ်မိသောအကြောင်းအရာနှင့် စိတ်ကူးထားသော အကြောင်းအရာများကို သဘာဝကျစွာ ရေးဆွဲနိုင်ခြင်း။ | မှတ်မိသောအကြောင်းအရာများကို သဘာဝကျစွာ ရေးဆွဲနိုင်ခြင်း။ | အကြောင်းအရာများကို သဘာဝကျစွာ မရေးဆွဲနိုင်ခြင်း။ |
| ရေးဆွဲထားသောပန်းချီကားချပ်အား မည်ကဲ့သို့ပူးပေါင်းရေးဆွဲထားသည်ကို ရှင်းပြခြင်း။ (စိတ်ကူး) | မှတ်မိသောအကြောင်းအရာနှင့် စိတ်ကူးများအား ၂ ယောက် ပူးပေါင်း ရေးဆွဲထားသည်ကို ရှင်းပြနိုင်ခြင်း။ | မှတ်မိသောအကြောင်းအရာများအား ၂ ယောက် ပူးပေါင်း ရေးဆွဲထားသည်ကို ရှင်းပြနိုင်ခြင်း။ | ရေးဆွဲထားသည့် အကြောင်းအရာများကို မရှင်းပြနိုင်ခြင်း။ |

## Rubric **ပုံစံစစ်ဆေးအကဲဖြတ်ခြင်း နမူနာ**

| စစ်ဆေးအကဲဖြတ်မည့်အချက် | အလွန်ကောင်း (A) | ကောင်း (S) |
|---|---|---|
| ပန်းချီကားချပ်များကို သဘာဝကျစွာ ရေးဆွဲနိုင်ခြင်း။ | <br>အမှတ်တရရှိခဲ့သော ပင်လယ်ကမ်းစပ်မြို့လေးနှင့် ပင်လယ်ထဲ ငါးဖမ်းတုန်းက အမှတ်တရတို့ကို ပေါင်းစပ်ပြီး စိတ်ကူးထဲက ပင်လယ်ကြီးကို ရေးဆွဲထားပါတယ်။<br><br>ပင်လယ်က အရှေ့မှာ ရှိပြီး မြို့ကအနောက်ပိုင်း(အတွင်းပိုင်း)မှာရှိတဲ့ သဘာဝကျတဲ့ ရှုခင်းကို ရေးထားတယ်။ | <br>လယ်ယာစိုက်ခင်းနှင့် ပတ်သက်သော ကျောင်းသားတစ်ယောက်ရဲ့ အမှတ်တရကို ပြန်လည်ဖော်ထုတ် ရေးဆွဲထားသောပုံ။<br><br>လယ်ယာ စိုက်ခင်းက အရှေ့မှာရှိပြီး တောင်တန်းရဲ့ အနောက်မှာ နေလုံးကွယ်နေတဲ့ပုံကို ရေးဆွဲထားတယ်။ |
| Feedback နမူနာ။ | အုပ်စုဝင်အားလုံး၏ အမှတ်တရတွေကို ပေါင်းစည်းပြီး အလွန်ပျော်ရွှင်စရာကောင်းတဲ့ ပင်လယ်ကမ်းစပ်က မြို့ပုံကလေးကို သဘာဝကျအောင် ဆွဲထားတယ်။ | မ၊ မောင် ...... ရဲ့ အမှတ်တရတွေကို အခြေခံပြီး ကြီးမားတဲ့ ယာခင်းပုံတွေကို သဘာဝကျစွာ ရေးထားတယ်နော်။ တခြားသောအဖွဲ့ဝင်ရဲ့ အမှတ်တရကိုလည်း ဖြည့်ဆွဲကြည့်ရအောင်။ |

| | | | |
|---|---|---|---|
| သင်ခန်းစာ | အခန်း (၄) သင်ခန်းစာ (၇) မျက်လှည့်ရုပ်ပုံ ပြုလုပ်ခြင်း | | |
| သင်ယူမှုဦးတည်ချက် | သုံးခေါက်ချိုးမျက်လှည့်ရုပ်ပုံ ပြုလုပ်ပြီး ရှင်းပြတတ်ရန်။ | | |
| စစ်ဆေးအကဲဖြတ်မည့်အချက် | အလွန်ကောင်း (A) | ကောင်း (S) | ကြိုးစားရန်လို (E) |
| မျက်လှည့်ရုပ်ပုံ ပြုလုပ်ခြင်း။ (ကျွမ်းကျင်မှု) | ရေးဆွဲထားသည့်ပုံအတိုင်း တိကျစွာ ညှပ်နိုင်ခြင်း။ | ရေးဆွဲထားသည့်ပုံကို ညှပ်နိုင်ခြင်း။ | မညှပ်နိုင်ခြင်း။ |
| မျက်လှည့်ရုပ်ပုံတွင် မည်သည်ကို ရေးဆွဲ၍ မည်ကဲ့သို့ ပြောင်းလဲအောင် ဖန်တီးထားသည်ကို ရှင်းပြခြင်း။ (စိတ်ကူး) | မျက်လှည့်ရုပ်ပုံတွင် မည်သည်ကိုရေးဆွဲ၍ မည်ကဲ့သို့ ပြောင်းလဲအောင် ဖန်တီးထားသည်ကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ | မျက်လှည့်ရုပ်ပုံတွင် မည်သည်ကို ရေးဆွဲထားကြောင်း သို့မဟုတ် မည်ကဲ့သို့ပြောင်းလဲအောင် ဖန်တီးထားကြောင်းကို ရှင်းပြနိုင်ခြင်း။ | မရှင်းပြနိုင်ခြင်း။ |

| | | | |
|---|---|---|---|
| သင်ခန်းစာ | အခန်း (၅) သင်ခန်းစာ (၂) မြန်မာ့ပန်းပဲ၊ ပန်းရန်ပညာများကို လေ့လာခြင်း | | |
| သင်ယူမှုဦးတည်ချက် | မြန်မာ့ရိုးရာ ပန်းပဲအနုပညာနှင့် ပန်းရန်အနုပညာများ၏ တန်ဖိုးကို သိရှိနားလည်ပြီး ရှင်းပြတတ်ရန်။ | | |
| စစ်ဆေးအကဲဖြတ်မည့်အချက် | အလွန်ကောင်း (A) | ကောင်း (S) | ကြိုးစားရန်လို (E) |
| ပန်းပဲ၊ ပန်းရန် အနုပညာလက်ရာများကို သိရှိပြီး ပြောပြခြင်း။ (ကျွမ်းကျင်မှု) | ပတ်ဝန်းကျင်ရှိ ပန်းပဲနှင့် ပန်းရန်အနုပညာလက်ရာများကို ပြောနိုင်ခြင်း။ | ပန်းပဲ သို့မဟုတ် ပန်းရန်အနုပညာလက်ရာ တစ်ခုကိုသာ ပြောနိုင်ခြင်း။ | အနုပညာလက်ရာများကို မပြောနိုင်ခြင်း။ |
| ပန်းပဲ၊ ပန်းရန် အနုပညာရပ်၏ အသုံးဝင်ပုံကို ပြောခြင်း။ (စိတ်ကူး) | ပန်းပဲနှင့် ပန်းရန်အနုပညာရပ်၏ အသုံးဝင်ပုံကို ပြောနိုင်ခြင်း။ | ပန်းပဲ သို့မဟုတ် ပန်းရန်အနုပညာရပ်၏ အသုံးဝင်ပုံကို ပြောနိုင်ခြင်း။ | မပြောနိုင်ခြင်း။ |

DBE Box

## ၈။ စာသင်ချိန် ခန့်မှန်းချက်ဇယားနမူနာ

မူလတန်းအဆင့် စတုတ္ထတန်း အနုပညာ(ပန်းချီ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ နမူနာဇယားကို အခြေခံ၍ ကျောင်းအသီးသီးရှိ စာသင်ချိန်၊ ကျောင်းတွင်း လှုပ်ရှားမှုများအလိုက် ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။


| လ | နယ်ပယ် | အခန်း | သင်ခန်းစာ | သင်ချိန် |
|---|---|---|---|---|
| ဇွန် | ပန်းချီ | အခန်း(၁)<br>ထုထည်များကို ရေးဆွဲခြင်း | ၁-၁<br>လေးထောင့်တုံးကို သုံးဖက်မြင်ပုံ ရေးခြယ်ခြင်း | ၁ |
| | | | ၁-၂<br>ထပ်နေသောအရာဝတ္ထုများကို ရေးဆွဲခြင်း | ၁ |
| | | | ၁-၃<br>အရာဝတ္ထုများကို ဖြည့်စွက်ရေးဆွဲခြင်း | ၁ |
| | လက်မှု | အခန်း(၄)<br>လက်မှုပစ္စည်းများ ပြုလုပ်ခြင်း | ၄-၆<br>ခြေလေးချောင်းရှိသော တိရစ္ဆာန်အရုပ်များပြုလုပ်ခြင်း | ၁ |
| ဇူလိုင် | လက်မှု | အခန်း(၄)<br>လက်မှုပစ္စည်းများ ပြုလုပ်ခြင်း | ၄-၁<br>ဘက်ညီပုံညှပ်၍ ဒီဇိုင်းပြုလုပ်ခြင်း | ၁ |
| | | | ၄-၂<br>ရုပ်ကြွ (Pop-up) ပြုလုပ်ခြင်း | ၁ |
| | | | ၄-၃<br>ပုံပြောင်းကစားစရာ ဖန်တီးခြင်း | ၂ |
| ဩဂုတ် | လက်မှု | အခန်း(၄)<br>လက်မှုပစ္စည်းများ ပြုလုပ်ခြင်း | ၄-၄<br>စက္ကူဘူး ပြုလုပ်ခြင်း | ၁ |
| | ပန်းချီ | အခန်း(၂)<br>အရောင်များကို လေ့လာခြင်း | ၂-၁<br>တတိယအရောင်များကို လေ့လာခြင်း | ၁ |
| | | | ၂-၂<br>အပူရောင် အအေးရောင်များကို ခွဲခြားခြင်း | ၁ |
| | | | ၂-၄<br>ပတ်ဝန်းကျင်ရှိ ပစ္စည်းများဖြင့် ပုံနှိပ်ကူးယူရေးဆွဲခြင်း | ၁ |
| စက်တင်ဘာ | ပန်းချီ | အခန်း(၂)<br>အရောင်များကို လေ့လာခြင်း | ၂-၃<br>အရောင်စုံသတ္တဝါပုံ ရေးဆွဲခြင်း | ၂ |
| | ရသခံစား တန်ဖိုးထားမှု | အခန်း(၅)<br>မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း | ၅-၁<br>မြန်မာ့ပန်းချီပညာကို လေ့လာခြင်း | ၁ |
| | | | ၅-၂<br>မြန်မာ့ပန်းပဲ၊ ပန်းရန်ပညာများကို လေ့လာခြင်း | ၁ |

DBE BOX

| လ | နယ်ပယ် | အခန်း | သင်ခန်းစာ | သင်ချိန် |
|---|---|---|---|---|
| အောက်တိုဘာ | ရသခံစား တန်ဖိုးထားမှု | အခန်း(၅) မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း | ၅-၃ မြန်မာ့နိပါတ်ပန်းချီကို လေ့လာခြင်း | ၁ |
| | ပန်းချီ | အခန်း(၃) ပန်းချီကားဖန်တီးရေးဆွဲခြင်း | ၃-၂ မြင်တွေ့ဖူးသောမြင်ကွင်း ရေးဆွဲခြင်း | ၁ |
| နိုဝင်ဘာ | ပန်းချီ | အခန်း(၃) ပန်းချီကားဖန်တီးရေးဆွဲခြင်း | ၃-၃ ပုံပြင်ကို သရုပ်ဖော်ရေးဆွဲခြင်း | ၂ |
| | | | ၃-၄ ပန်းချီကားတစ်ချပ်ကို ပူးပေါင်းဖန်တီးခြင်း | ၁ |
| | | | ၃-၁ ပြင်ပရှုခင်းရေးဆွဲခြင်း | ၁ |
| ဒီဇင်ဘာ | လက်မှု | အခန်း(၄) လက်မှုပစ္စည်းများ ပြုလုပ်ခြင်း | ၄-၅ စွန့်ပစ်ပစ္စည်းများဖြင့် အရုပ်ပြုလုပ်ခြင်း | ၂ |
| ဇန်နဝါရီ | လက်မှု | အခန်း(၄) လက်မှုပစ္စည်းများ ပြုလုပ်ခြင်း | ၄-၇ မျက်လှည့်ရုပ်ပုံ ပြုလုပ်ခြင်း | ၂ |
| | | | ၄-၈ နှစ်သက်ဖွယ်နေရာ ဖန်တီးခြင်း | ၂ |
| | | | စာသင်ချိန်စုစုပေါင်း | ၂၈ |
| မှတ်ချက် - စာသင်ချိန် ၂၈ ချိန်၊ အရန်စာသင်ချိန် ၁၂ ချိန်၊ စုစုပေါင်း ၄၀ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၀ မိနစ် | | | | |


# အနုပညာ(ပန်းချီ)တွင် အသုံးပြုမည့်ပစ္စည်းများ

**ပန်းချီဆွဲရန် သုံးသောပစ္စည်း**


A4 စက္ကူ



ဖယောင်းရောင်စုံ


ရေဆေး



ဆေးစပ်ခွက်


စုတ်တံ


စုတ်တံဆေးရန်ခွက်


အဝတ်စ



ရေပုံး


ရေခွက်


**လက်မှုတွင် သုံးမည့်ပစ္စည်း**


ရောင်စုံစက္ကူ



သတင်းစာ


ရွှံ့


ကတ်ထူစက္ကူ



သွားကြားထိုးတံအရွယ် တုတ်ချောင်းငယ်

**လက်မှုတွင် သုံးမည့်ကိရိယာ**


ကတ်ကြေး


ကော်


တိပ်


ချုပ်စက်

DBE Box

# ၁–၁ လေးထောင့်တုံးကို သုံးဖက်မြင်ပုံ ရေးခြယ်ခြင်း
## စာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်

လေးထောင့်တုံးကို သုံးဖက်မြင်ပုံ ရေးဆွဲပြီး ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

လေးထောင့်တုံးပုံအရာဝတ္ထု(တစ်အုပ်စုလျှင်တစ်ခု)၊

A4 စက္ကူ(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ဖယောင်းရောင်စုံ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**


- ■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ အုပ်စုကိုယ်စားလှယ်များကို A4 စက္ကူများအား လာယူစေမည်။
- ■ A4 စက္ကူကို ထက်ဝက်ခေါက်၍ ပြန်ဖြန့်စေမည်။
- ■ ယခုပြသမည့် လေးထောင့်တုံးပုံကို ရေးဆွဲရမည်ဟု ပြောကာ လေးထောင့်တုံးပုံအား ခေတ္တပြသ၍ ပြန်သိမ်းမည်။
- ■ A4 စက္ကူ၏ ဘယ်ဘက်အခြမ်းတွင် လေးထောင့်တုံးပုံကို အရွယ်အစားကြီးကြီး ရေးဆွဲစေမည်။
- ● မြင်တွေ့လိုက်သောအရာဝတ္ထုကို လွတ်လပ်စွာ ရေးဆွဲကြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အောက်ပါမေးခွန်းများကို မေးမည်။
  - ဆံပင်မှာ ထုထည်ရှိတယ်လို့ ထင်သလား။
  - ခွက်မှာ ထုထည်ရှိတယ်လို့ ထင်သလား။
- ■ အရာဝတ္ထုတိုင်းတွင် ထုထည်ရှိသည်။ မျက်စိဖြင့် မမြင်နိုင်အောင်အရွယ်အစားသေးသော အရာဝတ္ထုများတွင်ပင် ထုထည်ရှိကြောင်းပြောမည်။ ထိုထုထည်ရှိသောအရာဝတ္ထုများကို သုံးဖက်မြင်ပုံများအဖြစ် ရေးဆွဲနိုင်ကြောင်း ရှင်းပြပါမည်။
- ■ ကျောင်းသုံးစာအုပ်ပါပုံများကို လေ့လာစေပြီး လေးထောင့်တုံးတစ်တုံးကို ရှုထောင့်အမျိုးမျိုးမှ ကြည့်ရှုပါက အမြင်မတူဘဲ ပုံစံကွဲပြားကြောင်း ရှင်းပြပါမည်။
- ■ အုပ်စုကိုယ်စားလှယ်တစ်ဦးစီအား လေးထောင့်တုံးတစ်ခုစီနှင့် ဖယောင်းရောင်စုံများကို လာယူစေမည်။
- ■ ကလေးများအား လေးထောင့်တုံးကို စားပွဲ၏ အလယ်၌ သုံးဖက်မြင်ပုံပေါ်အောင် နေရာချထားစေမည်။ နေရာချထားပုံမှန်ကန်မှု ရှိ မရှိကို လှည့်လည်ကြည့်ရှုမည်။

**အခန်း(၁)** ထုထည်များကို ရေးဆွဲခြင်း

**သင်ခန်းစာ(၁) လေးထောင့်တုံးကို သုံးဖက်မြင်ပုံ ရေးခြယ်ခြင်း**




### သတိပြုရမည့်အချက်များ

၁ ပုံများရေးဆွဲရာ၌ ပေတံအသုံးမပြုရပါ။

၂ ပုံရေးဆွဲသည့်အခါ ချထားသော လေးထောင့်တုံးကို ရွှေ့ခြင်း၊ ဆွဲယူခြင်းများ မပြုလုပ်ရန် သတိပေးရမည်။

၃ ကြည့်ရှုရေးဆွဲထားသည့်ပုံကိုသာ ဆေးရောင်ခြယ်ရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း


၁။ လေးထောင့်တုံးကို သုံးဖက်မြင်ပုံရေးဆွဲခြင်း။

| | |
|---|---|
| A | သုံးဖက်မြင်ပုံကို တိကျမှန်ကန်စွာ ရေးဆွဲနိုင်ခြင်း။ |
| S | ရေးဆွဲနိုင်ခြင်း။ |
| E | မရေးဆွဲနိုင်ခြင်း။ |




DBE BOH

ကလေးလက်ရာများ



သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ



လေးထောင့်တုံးပုံအရာဝတ္ထုများ
၁



ဖယောင်းရောင်စုံ

## သတိပြုရမည့်အချက်များ

- အရွယ်အစား သေးလွန်းသော လေးထောင့်တုံးများကို မသုံးရပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ရေးဆွဲထားသောပုံများ၏ ကွာခြားချက်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | အသေးစိတ် ရှင်းပြနိုင်ခြင်း။ |
| S | ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

■ ထိုလေးထောင့်တုံးအား ကြည့်ရှု၍ A4 စက္ကူ၏ ညာဘက်ခြမ်းတွင် ကူးယူရေးဆွဲဆေးရောင်ခြယ်စေမည်။

● လေးထောင့်တုံးကို သုံးဖက်မြင်အနေအထားမှ ကြည့်၍ ရေးဆွဲပြီး နှစ်သက်ရာ ဆေးရောင်များခြယ်ကြမည်။

■ အုပ်စုအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပံ့ပိုးကူညီပေးမည်။

■ ရေးဆွဲဆေးရောင်ခြယ်ပြီးပါက ပုံ၏ညာဘက်အောက်ထောင့်တွင် မိမိ၏အမည်နှင့် ပုံ၏ အောက်ဘက်တွင် ပုံ ၂ ပုံရေးဆွဲရာ၌ မည်ကဲ့သို့ ကွာခြားကြောင်းကို စာကြောင်းအနည်းငယ်ဖြင့် ရေးသားစေမည်။

■ ပုံများ၏ ကွာခြားချက်ကို အုပ်စုတွင်း ကလေးများအချင်းချင်းပြောစေမည်။

● ကွာခြားချက်များကို ပြောမည်။

**နိဂုံး (၅ မိနစ်)**


■ အုပ်စုတစ်စုစီမှ ကလေးတစ်ဦးစီအား လေးထောင့်တုံးပုံကို မကြည့်ရှုဘဲ ရေးဆွဲခြင်းနှင့် ကြည့်ရှုရေးဆွဲခြင်းသည် မည်ကဲ့သို့ ကွာခြားကြောင်း ရှင်းပြစေမည်။

● အုပ်စုဝင်တစ်ဦးစီက ရှင်းပြမည်။


ဥပမာ- ပထမပုံက အလွတ်ဆွဲတာမို့ လေးထာင့်တုံးပုံစံ သိပ်မပေါ်ဘူး၊ ဒုတိယပုံကတော့ ကြည့်ပြီးဆွဲတာမို့လို့ ပုံစံပေါ်လာတယ်၊ ထောင့်လဲညီတယ်၊ လှလဲ လှတယ်။ ပုံတွေက ကြည့်ဆွဲရင်ပုံပေါ်ပြီး လှတယ်။

■ အခုကစပြီး ပုံတွေကို ရေးဆွဲတဲ့အခါ သေချာကြည့်ရှု ရေးဆွဲရမည်ဖြစ်ကြောင်း ပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါမည်။


လေးထောင့်တုံးပုံအရာဝတ္ထုများ




သစ်သားတုံး



အုတ်နီခဲ



စက္ကူဘူး



စက္ကူဘူး

DBE BOX

## ၁-၂ ထပ်နေသောအရာဝတ္ထုများကို ရေးဆွဲခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

ရှေ့နောက်ထပ်နေသော အရာဝတ္ထုများကိုကြည့်၍ ရေးဆွဲရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ဆရာ- A4 စက္ကူ(ကလေးတစ်ဦးလျှင်တစ်ဝက်နှုန်း)၊ ဖယောင်းရောင်စုံ၊
ကျောင်းသား- ကွန်ပါဘူး၊ ထမင်းချိုင့်၊ ရေဘူး . . . စသည်ဖြင့်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ ကျောင်းသုံးစာအုပ်ပါ ပုံကိုပြ၍ ကျောင်းသား A မြင်ရသော ပုံမှာ မည်သည့်ပုံဖြစ်ပြီး ကျောင်းသား B မြင်ရသောပုံမှာ မည်သည့်ပုံဖြစ်သည်ကို မေးမည်။
- ● စဉ်းစားဖြေဆိုကြမည်။
- ■ အရာဝတ္ထုများထပ်နေပါက ပုံသဏ္ဌာန်များကို အပြည့်အဝ မမြင်ရဘဲ တချို့တစ်ဝက်ကိုသာ မြင်တွေ့ရကြောင်း၊ ထိုပုံများ ရေးဆွဲရာတွင် ထပ်နေသော သဘောကို နားလည်ရန်လိုကြောင်းပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အုပ်စုလိုက် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို လာယူစေမည်။
- ■ ကလေးများအား ကျောင်းသုံးစာအုပ်ပါ ထပ်နေသောပုံများကို နမူနာပြမည်။
- ■ ကလေးနှစ်ယောက်ကို ကျောင်းသုံးစာအုပ်ပါပုံအတိုင်း မျက်နှာချင်းဆိုင်ထိုင်စေပြီး မိမိတို့ရေးဆွဲလိုသောပစ္စည်း ၂ ခုကို စားပွဲခုံပေါ်တွင် ရှေ့နောက်ထပ်နေသော အနေအထားဖြင့် နေရာချထားရန် ညွှန်ကြားမည်။
- ■ ချထားသောပစ္စည်းနှစ်ခုကို ကြည့်၍ A4 စက္ကူတစ်ဝက်ပေါ်တွင် ပုံကြီးကြီး ရေးဆွဲစေမည်။
- ■ လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများကို ပံ့ပိုးကူညီပေးမည်။

**အခန်း(၁)** ထုထည်များကို ရေးဆွဲခြင်း

သင်ခန်းစာ(၂) ထပ်နေသောအရာဝတ္ထုများကို ရေးဆွဲခြင်း




၂

### သတိပြုရမည့်အချက်များ

၁ တစ်ဖက်သို့ ဖောက်မြင်ရသည့် ဖန်ခွက်၊ ရေဘူး ကဲ့သို့ ပစ္စည်းမျိုး မရေးဆွဲရန် သတိပေးရမည်။


၂ ပုံများကို ထပ်နေသော အနေအထားပေါ်အောင် ကူးဆွဲရန် ညွှန်ကြားမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ရှေ့နောက်ထပ်နေသော အရာဝတ္ထု ၂ ခုကို ရေးဆွဲခြင်း။

| | |
|---|---|
| A | ထပ်နေသောအရာဝတ္ထု ၂ ခုကို မှန်ကန်စွာ ရေးဆွဲနိုင်ခြင်း။ |
| S | ရေးဆွဲနိုင်ခြင်း။ |
| E | မရေးဆွဲနိုင်ခြင်း။ |

ကလေးလက်ရာများ



၃




သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ




၃

## သတိပြုရမည့်အချက်များ

၃ ပုံများကို ကြီးကြီးရေးဆွဲစေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ထပ်လျက် ရေးဆွဲထားသောပုံနှင့် ပတ်သက်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | ထပ်နေသည့် သဘောတရား ထည့်သွင်းရေးဆွဲထားပုံကို အသေးစိတ် ရှင်းပြနိုင်ခြင်း။ |
| S | ထပ်နေသည့် သဘောတရား ထည့်သွင်းရေးဆွဲထားပုံကို ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- ပုံရေးဆွဲပြီးပါက ကြိုက်နှစ်သက်ရာ ဆေးရောင်ခြယ်စေမည်။
- ပုံ၏ ညာဘက်အောက်ထောင့်တွင် မိမိ၏အမည်နှင့် ပုံ၏ အောက်တွင် ထပ်နေသော သဘောတရားကို မည်ကဲ့သို့ ရေးဆွဲထားသည်ကို စာကြောင်းအနည်းငယ်ဖြင့် ရေးသားစေမည်။

  ဥပမာ- ဘူးက ထမင်းချိုင့်နောက်မှာ ရှိနေလို့ တစ်ဝက်ကို မမြင်ရဘူး။ ဘူးရှိပေမဲ့ အပြည့်မမြင်ရလို့ မြင်ရတဲ့တစ်ဝက်ကိုပဲ ဆွဲထားတယ်။
- ၂ ယောက်တစ်တွဲ အချင်းချင်းရေးဆွဲထားသော ပုံများကို ပြသစေပြီး ထင်မြင်ချက်များကို ပြောစေမည်။
- ● ရုပ်ပုံများကိုကြည့်၍ ပြောမည်။

**နိဂုံး (၅ မိနစ်)**

- ကလေးအချို့ကို မိမိတို့ ရေးဆွဲထားသောပုံနှင့် ပတ်သက်၍ ထပ်နေသည့် အကြောင်းအရာများပါဝင်အောင် ရှင်းပြစေမည်။

  ဥပမာ- ထမင်းဘူးနဲ့ရေခွက်ကို ရှေ့နောက်ထပ်နေတဲ့ပုံပေါ်အောင်ဆွဲထားပါတယ်။
- အခုကစပြီး ပုံများကို ရေးဆွဲသောအခါ ထပ်နေသောအရာဝတ္ထုများ ပါလျှင် ထပ်နေသော သဘောပါအောင် ဆွဲရမည်ဖြစ်ကြောင်းပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါမည်။

DBE Box

# ၁-၃ အရာဝတ္ထုများကို ဖြည့်စွက်ရေးဆွဲခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

ပေးထားသောအရာဝတ္ထုတွင် စိတ်ကူးဖြင့် အခြားအရာများကို ထပ်လျက်ဖြည့်စွက်ရေးဆွဲရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ဆရာ- A4 စက္ကူ(ကလေးတစ်ဦးလျှင်တစ်ဝက်နှုန်း)၊ ဖယောင်းရောင်စုံ၊ ကျောင်းသား- ကြည့်ဆွဲရန် ပစ္စည်းများ၊ ဥပမာ-ရေဘူး၊ ထမင်းချိုင့်၊ ရေခွက်၊ ပန်းအိုး . . . စသည်ဖြင့်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ တစ်အုပ်စုလျှင် ၄ ယောက်စီအုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ ပြီးခဲ့တဲ့သင်ခန်းစာမှာ ဘယ်လိုအကြောင်းအရာတွေပါတဲ့ ပုံတွေ ဆွဲခဲ့သလဲဟု မေးမည်။
- ● လွတ်လပ်စွာ ဖြေဆိုကြမည်။
- ■ စာသင်ခန်းအတွင်းရှိ ပစ္စည်းတစ်ခုကို သင်ပုန်းပေါ်တွင် ရေးဆွဲပြမည်။ ဥပမာ- ပန်းအိုး
- ■ ကလေးများအား ဘာထပ်ဖြည့်ဆွဲချင်သလဲဟု မေးကာ အရာဝတ္ထု ၂ ခုခန့်ကို ရှေ့နောက်ထပ်လျက် အနေအထားဖြင့် ဖြည့်စွက်ဆွဲပြပြီး သင်ခန်းစာကို နိဒါန်းပျိုးမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အုပ်စုလိုက် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို လာယူစေမည်။
- ■ စာသင်ခန်းအတွင်းရှိ အလွယ်တကူရရှိနိုင်သည့် ပစ္စည်းတစ်ခုကို ကလေးအချင်းချင်း တိုင်ပင်၍ စားပွဲအလယ်တွင် နေရာချထားစေမည်။ ဥပမာ- ခြင်းတောင်း
- ■ ချထားသော အရာဝတ္ထု၏ ပုံကို ရေးဆွဲစေမည်။
- ■ စားပွဲပေါ်တွင် တင်ထားသောပစ္စည်းအပြင် အခြားမည်သည့်ပစ္စည်း ၂ ခုကို မည်ကဲ့သို့ ထပ်၍ ဖြည့်စွက်ရေးဆွဲလိုသည်ကို ကလေးများအား စဉ်းစားစေမည်။
- ● စဉ်းစားမည်။


အခန်း(၁) ထုထည်များကို ရေးဆွဲခြင်း

သင်ခန်းစာ(၃) အရာဝတ္ထုများကို ဖြည့်စွက်ရေးဆွဲခြင်း



၄

### သတိပြုရမည့်အချက်များ

၁ ပတ်ဝန်းကျင်တွင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မည်သည့်အရာဝတ္ထုကိုမဆို စိတ်ကူးဖြင့် ဖြည့်စွက်ရေးဆွဲနိုင်သည်။

၂ ပုံဆွဲနေစဉ် စားပွဲပေါ်တွင် ပုံသေထား၍ရေးဆွဲမည့် ပစ္စည်းမှအပ အခြားပစ္စည်းများ မရှိစေရပါ။ ပုံဆွဲသည့်အခါ ချထားသော ပစ္စည်းများကို ရွှေ့ခြင်း၊ ဆွဲယူခြင်းများမပြုလုပ်စေရန် သတိပေးရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ စိတ်ကူးဖြင့် စဉ်းစားထားသော အရာဝတ္ထုများကို ထပ်လျက်ဖြည့်စွက်ရေးဆွဲခြင်း။

| | |
|---|---|
| A | အရာဝတ္ထု ၂ ခုစလုံးကို ထပ်လျက်အနေအထားမှန်ကန်စွာဖြင့် ဖြည့်စွက်ရေးဆွဲနိုင်ခြင်း။ |
| S | အရာဝတ္ထုတစ်ခုကိုသာ မှန်ကန်စွာ ဖြည့်စွက်ရေးဆွဲနိုင်ခြင်း။ |
| E | ဖြည့်စွက်မရေးဆွဲနိုင်ခြင်း။ |

DBE

ကလေးလက်ရာများ











သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ


A4 စက္ကူ


ဖယောင်းရောင်စုံ


ပစ္စည်းများ

၅

## သတိပြုရမည့်အချက်များ

၃ နောက်ခံမျက်နှာပြင်ကို အရောင်မခြယ်ရပါ။ ပုံသေထားရေးဆွဲသော ပစ္စည်းနှင့် စိတ်ကူးဖြင့် ဖြည့်စွက်ရေးဆွဲသော ပစ္စည်းများကို ကြိုက်ရာ အရောင်ခြယ်နိုင်ကြောင်း ညွှန်ကြားမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အရာဝတ္ထုများကို မည်ကဲ့သို့စိတ်ကူး၍ ဖြည့်စွက်ရေးဆွဲထားသည်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | အရာဝတ္ထု ၂ ခုစလုံးကို ထပ်နေသော သဘောပါအောင် ဖြည့်စွက်ရေးဆွဲထားကြောင်း ရှင်းပြနိုင်ခြင်း။ |
| S | အရာဝတ္ထုတစ်ခုကိုသာ ထပ်နေသော သဘောပါအောင် ဖြည့်စွက်ရေးဆွဲထားကြောင်း ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- ■ စဉ်းစားထားသည့်ပစ္စည်း ၂ ခုနှင့်ကို ထပ်နေသော သဘောပါအောင် ဖြည့်စွက်ရေးဆွဲစေမည်။
- ● ဖြည့်စွက်ရေးဆွဲကြမည်။
- ■ လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများအား ပံ့ပိုးကူညီပေးမည်။
- ■ အရောင်မခြယ်မီ ရှေ့မှထပ်၍ ဖြည့်စွက်ရေးဆွဲထားပါက အရင်ရေးဆွဲထားသော ပုံ၏ထပ်နေသော အနားသတ်မျဉ်းကို ခဲဖျက်ဖြင့် ဖျက်စေမည်။
- ■ အနောက်ဘက်မှထပ်၍ ဖြည့်စွက်ရေးဆွဲထားပါက ထပ်ဖြည့်ရေးဆွဲထားသော ပုံ၏ အနားသတ်မျဉ်းကို ဖျက်စေမည်။ ထို့နောက်ကြိုက်နှစ်သက်ရာ အရောင်ကို ခြယ်စေမည်။
- ■ ပုံ၏ ညာဘက်အောက်ထောင့်တွင် မိမိ၏အမည်နှင့် မည်သို့စဉ်းစားပြီး ဖြည့်စွက်ရေးဆွဲထားသည်ကို စာကြောင်းအနည်းငယ်ဖြင့် ရေးသားစေမည်။

  ဥပမာ- ထမင်းချိုင့်ကလေးနဲ့ ထမင်းစားပြီးရေပ်သောက်ဖို့ ရေခွက်ကလေးဆွဲထားပါတယ်။ ကွန်ပါဘူးကလေးလည်း ဖြည့်ဆွဲထားပါတယ်။
- ■ အုပ်စုအတွင်း ကလေးများအချင်းချင်း မည်သည့်အရာများကို စဉ်းစား၍ ဖြည့်စွက်ရေးသားခဲ့သည်ကို လေ့လာကြည့်ရှုပြီး ရှင်းပြစေမည်။
- ● အချင်းချင်းရှင်းပြမည်။

**နိဂုံး (၅ မိနစ်)**

- ■ ကလေးအချို့ကို အတန်းရှေ့ထွက်၍ ရှင်းပြစေမည်။
- ● ကလေးအချို့က အတန်းရှေ့တွင် ရှင်းပြမည်။

DBE Box

# ၂-၁ တတိယအရောင်များကို လေ့လာခြင်း
## စာသင်ချိန် ၁ ချိန်


**သင်ယူမှုဦးတည်ချက်**

တတိယအရောင်များရရှိအောင် ရောစပ်ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ဆရာ- A4 စက္ကူ(တစ်ဦးလျှင် တစ်ရွက်နှုန်း)၊ ရေဆေး ဝါ၊ နီ၊ ပြာ၊ (တစ်အုပ်စုလျှင် ၃ခွက်)၊ ဆေးစပ်ပြား(တစ်ဦးလျှင် တစ်ခု)၊ ရေဆေးဖျော်ရန် ရေခွက်(တစ်အုပ်စုလျှင် တစ်ခွက်)၊ စုတ်တံဆေးရန်ခွက် (တစ်အုပ်စုလျှင် ၂ခွက်)၊ စုတ်တံ အလုံး၊ အပြား(တစ်ဦးလျှင် တစ်စုံ)၊ ရေပုံး ၂ပုံး (ရေဆေးဖျော်ရန်နှင့် စုတ်တံဆေးရန်)။

ကျောင်းသား - စုတ်တံသုတ်ရန် အဝတ်စ (လူကြီးလက်တစ်ဖဝါးစာ)။





### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ အောက်ပါမေးခွန်းများကို မေးမည်။
  - အခြေခံအရောင်တွေက ဘာတွေလဲ။
  - အခြေခံအရောင်တွေရောရင် ဘာအရောင်တွေရသလဲ။
  - ရလာတဲ့အရောင်တွေကို ဘာအရောင်လို့ခေါ်သလဲ။
- ● လွတ်လပ်စွာ ဖြေဆိုကြမည်။
- ■ အခြေခံအရောင်နှင့် ဒုတိယအရောင်များကိုရောစပ်ပြီး တတိယအရောင်များရရှိအောင် ပြုလုပ်ကြမည်ဖြစ်ကြောင်း ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ သင်ခန်းစာအတွက် လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အုပ်စုလိုက်လာယူစေမည်။
- ■ စုတ်တံ စနစ်တကျအသုံးပြုပုံ အသုံးပြုနည်းကို တတိယတန်းတွင် သင်ကြားပေးပြီး ဖြစ်၍ ၎င်းနည်းအတိုင်း အသုံးပြုရမည်ဖြစ်ကြောင်း ညွှန်ကြားမည်။
- ■ ကျောင်းသုံးစာအုပ် စာမျက်နှာ ၇ ပါ ပုံပေါ်တွင် A4 စက္ကူဖြင့် ထပ်၍ ကူးယူရေးဆွဲစေမည်။
- ● ကူးယူရေးဆွဲကြမည်။
- ■ အောက်ပါအတိုင်း အဆင့်ဆင့်ရေးဆွဲပြမည်။
- ■ အခြေခံအရောင်ခြယ်မည့်အကွက် ၃ ကွက်ကို သင်ပုန်းပေါ်တွင် ရေးဆွဲပြမည်။



### သတိပြုရမည့်အချက်များ

❶ အခြေခံအရောင်နှင့် ဒုတိယအရောင်များ ရောစပ်ရာတွင် တတိယအရောင် အမှန်မရရှိနိုင်သဖြင့် တတိယအရောင်နှင့် အနီးစပ်ဆုံးအရောင်များရရှိအောင် ရောစပ်ရမည်ဖြစ်ကြောင်း သတိပေးမည်။


❷ ဆေးရောင်တစ်ရောင်အသုံးပြုပြီးတိုင်း စုတ်တံဆေးရန်ခွက်ထဲတွင် ရေဖြင့် သေချာဆေးကြောရန် သတိပေးရမည်။

❸ စုတ်တံကို အဝတ်စဖြင့် သန့်အောင်သုတ်ရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ တတိယအရောင်များရရှိအောင် ရောစပ်ခြင်း။

| | |
|---|---|
| A | တတိယအရောင်များအားလုံးကို အနီးစပ်ဆုံးရရှိအောင် ရောစပ်နိုင်ခြင်း။ |
| S | တတိယအရောင် ၃ ရောင်ရရှိအောင် ရောစပ်နိုင်ခြင်း။ |
| E | တတိယအရောင်များ ရရှိအောင် မရောစပ်နိုင်ခြင်း။ |




## သတိပြုရမည့်အချက်များ


## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ရောစပ်၍ရရှိလာသော တတိယအရောင်များနှင့် မည်သည့်ပုံရေး ဆွဲလိုသည်ကို ရှင်းပြခြင်း။


| | |
|---|---|
| A | ရောစပ်၍ရရှိလာသော တတိယအရောင်များနှင့် လိုက်ဖက်စွာ စဉ်းစားရေးဆွဲလိုသည့်ပုံကို ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း။ |
| S | ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- ■ ကူးယူရေးဆွဲထားသောပုံ၏ အခြေခံအရောင်အကွက်များတွင် ထိုအရောင်များကို ဆေးခြယ်စေမည်။
- ■ ဒုတိယအရောင် ရေးဆွဲမည့်အကွက်များကို သင်ပုန်းပေါ်တွင် ရေးဆွဲပြမည်။



- ■ ဆေးစပ်ခွက်ရှိ အခြေခံအရောင်များကို ဒုတိယအရောင်ရအောင် ရောစပ်စေမည်။
- ■ ကူးယူရေးဆွဲထားသော ပုံပေါ်တွင် ဒုတိယအရောင်များကို ဆေးရောင်ခြယ်စေမည်။
- ■ တတိယအရောင်ရေးဆွဲမည့် အကွက်များကို ရေးဆွဲပြမည်။



- ■ ဆေးစပ်ခွက်ရှိ အခြေခံအရောင်များနှင့် ဒုတိယအရောင်များကို တတိယအရောင်ရအောင် ရောစပ်စေမည်။
- ■ ကူးယူရေးဆွဲထားသော စာရွက်ပေါ်တွင် တတိယအရောင်များကို ဆေးခြယ်စေမည်။
- ■ အခြေခံအရောင်နှင့် ဒုတိယအရောင်များ ရောစပ်ပါက တတိယအရောင်များ ရရှိနိုင်ကြောင်း ရှင်းပြမည်။
- ■ ဒီနေ့ရောစပ်ခဲ့တဲ့ အထဲက ဘယ်အရောင်တွေကိုသုံးပြီး ဘာပုံလေးတွေ ဆွဲကြည့်ချင်သေးလဲဟု မေးကာ စာအနည်းငယ်ကို ပုံ၏ အောက်တွင် ရေးသားစေမည်။
- ● စာအနည်းငယ်ရေးမည်။ ဥပမာ- အနီရောင်နဲ့ လိမ္မော်ရောင်ရောပြီး ရလာတဲ့ နီလိမ္မော်ရောင်နဲ့ ပန်းပွင့်ကလေး ဆွဲကြည့်ချင်ပါတယ်။
- ■ စုတ်တံကို ရေဆေးပြီးပါက ခြောက်သွေ့စေရန် အဝတ်ဖြင့် သုတ်၍ စနစ်တကျသိမ်းဆည်းစေပြီး အပ်နှံစေမည်။
- ● ရေဆေးနှင့် စုတ်တံများကို အပ်နှံမည်။

**နိဂုံး (၅ မိနစ်)**

- ■ ကလေးအချို့ကို ဒီနေ့ရောစပ်ခဲ့တဲ့ အထဲက ဘယ်အရောင်တွေ သုံးပြီး ဘာပုံတွေ ဆွဲကြည့်ချင်သည်ကို အတန်းရှေ့ထွက်၍ ပြောစေမည်။

DBE Box

## ၂-၂ အပူရောင် အအေးရောင်များကို ခွဲခြားခြင်း
## စာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်

အပူရောင် အအေးရောင်များကို ခွဲခြားရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ဆရာ- A4 စက္ကူ(တစ်ဦးလျှင် တစ်ရွက်နှုန်း)၊ ရေဆေး အပူရောင် ဝါ၊ နီ၊ ပြာ၊ ဖြူ၊ မည်း (တစ်အုပ်စုလျှင် ၅ခွက်)၊ ရေဆေး အအေးရောင် ဝါ၊ ပြာ၊ ဖြူ၊ မည်း (တစ်အုပ်စုလျှင် ၄ခွက်)၊ ဆေးစပ်ပြား(တစ်ဦးလျှင် တစ်ခု)၊ ရေဆေးဖျော်ရန် ရေခွက်(တစ်အုပ်စုလျှင် တစ်ခွက်)၊ စုတ်တံဆေးရန်ခွက် (တစ်အုပ်စုလျှင် ၂ခွက်)၊ စုတ်တံ အလုံး၊ အပြား(တစ်ဦးလျှင် တစ်စုံ)၊ ရေပုံး ၂ပုံး (ရေဆေးဖျော်ရန်နှင့် စုတ်တံဆေးရန်)။

ကျောင်းသား - စုတ်တံသုတ်ရန် အဝတ်စ (လူကြီးလက်ကိုင်ပဝါစာ)။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**


- ■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ ကျောင်းသုံးစာအုပ်ပါ ပန်းချီကားများကို ပြ၍ အောက်ပါမေးခွန်းများကို မေးမည်။
  - ဒီပုံ ၂ ပုံကို ကြည့်ပြီး ဘယ်လိုခံစားရသလဲ။
  - ဘယ်ပုံက ပူတယ်လို့ ခံစားရသလဲ။ ဘယ်ပုံက အေးတယ်လို့ ခံစားရသလဲ။
- ● စဉ်းစားဖြေဆိုကြမည်။
- ■ ပူတဲ့ ခံစားမှုရှိတဲ့အရောင် ဘာအရောင်တွေသုံးထားသလဲ။ အေးတဲ့ ခံစားမှုရှိတဲ့အရောင် ဘာအရောင်တွေသုံးထားသလဲ။
- ● ပန်းချီကားများတွင် တွေ့ရသောအရောင်များကို ဖြေဆိုကြမည်။
- ■ ပူတဲ့ ခံစားမှု၊ အေးတဲ့ ခံစားမှုတွေဖြစ်စေတဲ့ အရောင်တွေသုံးပြီး ပုံတွေ ဆွဲကြမယ်ဟု ပြောကာ နိဒါန်းပျိုးပါမည်။


**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကျောင်းသုံးစာအုပ်ရှိ အရောင်စက်ဝိုင်းကို ကြည့်၍ မည်သည့်အရောင်များက အပူရောင်ဖြစ်ပြီး မည်သည့်အရောင်များက အအေးရောင်ဖြစ်သည်ကို လေ့လာစေမည်။
- ■ ပြင်ဆင်ထားသော အပူရောင် အအေးရောင် ရေဆေးများနှင့် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို အုပ်စုလိုက်ခွဲဝေယူစေမည်။

**အခန်း(၂)** အရောင်များကို လေ့လာခြင်း

သင်ခန်းစာ(၂) အပူရောင် အအေးရောင်များကို ခွဲခြားခြင်း









၈

### သတိပြုရမည့်အချက်များ

၁ မီးက ပူတယ်၊ ရေက အေးတယ်စသည်ဖြင့် ပုံ၏တစ်စိတ်တစ်ပိုင်းကိုသာ အပူရောင် အအေးရောင်ဖြင့် ရေးဆွဲထားခြင်းမဟုတ်ဘဲ ပုံတစ်ပုံလုံး၏ အနေအထားကို အပူရောင် အအေးရောင် သတ်မှတ်ရေးဆွဲရမည်ဖြစ်ကြောင်း ညွှန်ကြားမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ရရှိလာသောအရောင်များကို အသုံးပြု၍ ပန်းချီကားရေးဆွဲခြင်း။

| | |
|---|---|
| A | ရရှိလာသော အရောင်များနှင့် လိုက်ဖက်သောပန်းချီကားကို ရေးဆွဲနိုင်ခြင်း။ |
| S | ရရှိလာသော အရောင်များကို အသုံးပြု၍ ပန်းချီကား ရေးဆွဲနိုင်ခြင်း။ |
| E | ရရှိလာသော အရောင်များကို အသုံးပြု၍ ပန်းချီကား မရေးဆွဲနိုင်ခြင်း။ |

DBELBOX




## သတိပြုရမည့်အချက်များ

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အရောင်များနှင့် လိုက်ဖက်စွာ စဉ်းစားရေးဆွဲထားသော ပန်းချီကားနှင့် ပတ်သက်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | အရောင်များနှင့် လိုက်ဖက်စွာ စဉ်းစားရေးဆွဲထားသော ပန်းချီကားနှင့် ပတ်သက်၍ ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း။ |
| S | အရောင်များနှင့် လိုက်ဖက်စွာ စဉ်းစားရေးဆွဲထားသော ပန်းချီကားနှင့် ပတ်သက်၍ ရှင်းပြနိုင်ခြင်း။ |
| E | အရောင်များနှင့် လိုက်ဖက်စွာ စဉ်းစားရေးဆွဲထားသော ပန်းချီကားနှင့် ပတ်သက်၍ မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

■ မိမိရရှိထားသော အရောင်များအပေါ်မူတည်၍ မည်ကဲ့သို့သော ပုံရေးဆွဲမည်ကို စဉ်းစားရေးဆွဲစေမည်။

● မည်ကဲ့သို့သော ပုံရေးဆွဲရမည်ကို စဉ်းစားကြမည်။

● စဉ်းစားထားသော ပုံများကို စာရွက်ပေါ်တွင် ရေးဆွဲမည်။

■ ရေးဆွဲထားသော ပုံပေါ်တွင် အုပ်စုလိုက် ရရှိထားသည့်အတိုင်း အပူရောင် အအေးရောင်များကို ဆေးခြယ်စေမည်။

■ ဆေးခြယ်ပြီးပါက ပုံ၏ညာဘက်အောက်ထောင့်တွင် မိမိ၏အမည်နှင့် ပုံကို မည်ကဲ့သို့စဉ်းစားရေးဆွဲထားကြောင်း၊ မည်သည့်အရောင်များကို ထည့်သွင်းဆေးခြယ်ထားကြောင်းတို့ကို ရေးသားစေမည်။

ဥပမာ- အပူရောင်တွေရထားလို့ နေလုံးနဲ့ သစ်ပင်တွေကို ပူအောင်ခြယ်ထားတယ်။ ပင်လယ်ကြီးက အေးလို့ အပြာရောင်ခြယ်ထားတယ်။

■ နှစ်ယောက်တစ်တွဲအချင်းချင်း မိမိဆွဲထားသောပုံနှင့် ဆေးခြယ်ထားသောအရောင်များအကြောင်း ရှင်းပြစေမည်။

● အချင်းချင်း ရှင်းပြမည်။

**နိဂုံး (၅ မိနစ်)**

■ ကလေးအချို့ကို မိမိတို့ရေးဆွဲထားသည့် ပန်းချီကားနှင့် ပတ်သက်၍ ရှင်းပြစေမည်။

● ရေးဆွဲထားသောပုံ၊ သုံးထားသောအရောင်များနှင့် ပတ်သက်၍ ရှင်းပြမည်။

■ စုတ်တံကို ရေဆေးပြီးပါက ခြောက်သွေ့စေရန်အဝတ်ဖြင့် သုတ်၍ စနစ်တကျ သိမ်းဆည်းစေပြီး အပ်နှံစေမည်။

● ရေဆေးနှင့် စုတ်တံများကို အပ်နှံမည်။

မှတ်ချက်
ဆရာက ကျောင်းသားဦးရေနှင့် ဖွဲ့စည်းမည့် အုပ်စုအရေအတွက်အပေါ်မူတည်၍ အပူရောင်အုပ်စု၊ အအေးရောင်အုပ်စုများ သတ်မှတ်ပြီး ရေဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရမည်။

DBE BOX

# ၂-၃ အရောင်စုံသတ္တဝါပုံ ရေးဆွဲခြင်း
## စာသင်ချိန် ၂ ချိန်

**သင်ယူမှုဦးတည်ချက်**

သက်ရှိသတ္တဝါပုံကို ဆေးရောင်စုံဖြင့် စုပေါင်းရေးခြယ်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ဆရာ- စက္ကူအကြီး(A4 စက္ကူ ၄ရွက်ကို ကော်ဖြင့်ဆက်၍သုံးနိုင်သည်)၊ A4 စက္ကူ(တစ်အုပ်စုလျှင် တစ်ဝက်နှုန်း)၊ ကတ်ကြေး၊ ကော်၊ ရေဆေး ဝါ၊ နီ၊ ပြာ၊ ဖြူ မည်း (တစ်အုပ်စုလျှင် ၅ခွက်)၊ ဆေးစပ်ပြား (တစ်ဦးလျှင် တစ်ခု)၊ ရေဆေးဖျော်ရန် ရေခွက်(တစ်အုပ်စုလျှင် တစ်ခွက်)၊ စုတ်တံဆေးရန် ခွက် (တစ်အုပ်စုလျှင် ၂ခွက်)၊ စုတ်တံ၊ ရေပုံး ၂ ပုံး(ရေဆေးဖျော်ရန်နှင့် စုတ်တံဆေးရန်)။

ကျောင်းသား - စုတ်တံသုတ်ရန် အဝတ်စ (လူကြီးလက်တစ်ဖဝါးစာ)။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**ပထမစာသင်ချိန်**

**နိဒါန်း (၅ မိနစ်)**

- တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- အောက်ပါမေးခွန်းများကို မေးမည်။
  - အရောင်တွေ အမျိုးမျိုး ရောစပ်ခဲ့ဖူးသလား။
  - ဘာအရောင်တွေရခဲ့သလဲ။
  - ဒီကမ္ဘာကြီးမှာ တို့တွေမမြင်ဖူးသေးတဲ့ အရောင်အစုံရှိတဲ့ သတ္တဝါတွေ ရှိနိုင်တယ်နော်။
  - ဘယ်လိုအရောင်ရှိတဲ့ သတ္တဝါတွေလို့ ထင်သလဲ။
- အဲဒီအရောင်စုံရှိတဲ့ သတ္တဝါလေးတွေကို အခြားသူတွေသိအောင် ပုံဆွဲကြည့်ကြရအောင်ဟု ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို မေးမည်။
- အုပ်စုလိုက် ကတ်ကြေး၊ A4 စက္ကူ(တစ်အုပ်စုလျှင် ၄ရွက်နှုန်း)နှင့် ကော်ကို လာယူစေပြီး စက္ကူအကြီးဖြစ်အောင် စုပေါင်း၍ ကပ်စေမည်။
- ကျောင်းသုံးစာအုပ်ပါ ကလေးလက်ရာများကိုပြ၍ ထိုလက်ရာများနှင့် မတူသော အရောင်စုံသတ္တဝါပုံတစ်ပုံကို အုပ်စုလိုက် စဉ်းစားစေမည်။ ဥပမာ- အရောင်စုံငါး၊ ဝက်၊ လိပ်ပြာ . . . စသည်ဖြင့်။
- ရေးဆွဲလိုသော ရုပ်ပုံကို အုပ်စုလိုက် စဉ်းစား၍ ဆွေးနွေးကြမည်။

---

**အခန်း(၂)** အရောင်များကို လေ့လာခြင်း

သင်ခန်းစာ(၃) အရောင်စုံသတ္တဝါပုံ ရေးဆွဲခြင်း

၁



၂




၁၀

**သတိပြုရမည့်အချက်များ**


၁ ပုံကို အရွယ်အစားကြီးကြီး ရေးဆွဲစေမည်။

၂ အုပ်စုလိုက် ပြုလုပ်ရမည့် သင်ခန်းစာဖြစ်သဖြင့် ရေးဆွဲမည့် ပုံနှင့် မည်ကဲ့သို့ဆေးခြယ်မည်ကို တိုင်ပင်ဆွေးနွေးပြီးမှသာ ရေးဆွဲစေမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ သတ္တဝါပုံကို ဆေးရောင်စုံဖြင့် ရေးခြယ်ခြင်း။

| | |
|---|---|
| A | ၄ ရောင်နှင့် အထက်အသုံးပြု၍ သေသပ်လှပစွာ ဆေးရောင်အပြည့်ခြယ်နိုင်ခြင်း။ |
| S | ၃ ရောင်ကို အသုံးပြု၍ ဆေးရောင်အပြည့်ခြယ်နိုင်ခြင်း။ |
| E | ၂ ရောင် သို့မဟုတ် တစ်ရောင်ကိုသာ အသုံးပြုထားပြီး ဆေးရောင်အပြည့် မခြယ်နိုင်ခြင်း။ |




## သတိပြုရမည့်အချက်များ

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အုပ်စုလိုက်ပူးပေါင်း၍ ဖန်တီးရေးဆွဲထားသည့်ပုံအကြောင်းရှင်းပြခြင်း။

| | |
|---|---|
| A | အုပ်စုလိုက် မည်သို့ပူးပေါင်း ဖန်တီးရေးဆွဲထားသည်ကို သေချာစွာ ရှင်းပြနိုင်ခြင်း။ |
| S | ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

■ စဉ်းစားထားသောရုပ်ပုံကို စက္ကူအကြီးပေါ်တွင် စုပေါင်းရေးဆွဲစေမည်။

■ အုပ်စုဝင်များအားလုံးပါဝင်၍ ရုပ်ပုံ၏ ပတ်လည်ရှိပိုနေသောစက္ကူကို ကတ်ကြေးဖြင့် ညှပ်ထုတ်စေမည်။

● အုပ်စုဝင်များအားလုံးပူးပေါင်းပါဝင်၍ သေချာစွာညှပ်ကြမည်။

**နိဂုံး (၅ မိနစ်)**

■ ညှပ်ပြီးပါက ရုပ်ပုံ၏ နောက်ကျောဘက်တွင် အုပ်စုဝင်များ၏အမည်များကို ရေးစေပြီး ၎င်းပုံနှင့်အတူ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို ဆရာ့ထံအပ်နှံစေမည်။

## ဒုတိယစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

■ အပ်နှံထားသောရုပ်ပုံများနှင့် တစ်အုပ်စုချင်းစီအတွက် ကြိုတင်ပြင်ဆင်ထားသောပစ္စည်းများကို အုပ်စုလိုက်လာယူစေမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ သတ္တဝါ၏ မည်သည့်အပိုင်းတွင် မည်သည့်အရောင်ဆေးရောင်ခြယ်မည်ကို တိုင်ပင်ဆွေးနွေးစေမည်။

■ ဆွေးနွေးထားသည့်အတိုင်း အရောင်များကို ရောစပ်ပြီး စုပေါင်း၍ ဆေးရောင်ခြယ်စေမည်။

● အရောင်များကို အရောင်စုံရောစပ်ပြီး အရောင်စုံဆေးရောင်ခြယ်ကြမည်။

■ အုပ်စုများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပံ့ပိုးကူညီပေးမည်။

■ ဆေးရောင်ခြယ်ပြီးသော အဖွဲ့များအား ၎င်းတို့၏ လက်ရာများကို သင်ပုန်းတွင် ကပ်စေမည်။

■ ယခင်သင်ခန်းစာများကဲ့သို့ စုတ်တံကို ဆေးကြော၍အဝတ်ဖြင့်သုတ်ပြီး စနစ်တကျ သိမ်းဆည်းစေမည်။

■ မည်သို့စုပေါင်းရေးခြယ်ထားသည်ကို A4 စက္ကူတစ်ဝက်တွင်စာအနည်းငယ်ဖြင့် စုပေါင်းရေးစေမည်။

ဥပမာ- သားတို့အုပ်စုက စုပေါင်းတိုင်ပင်ပြီးတော့ ငါးလေးမှာ ခေါင်း၊ ကိုယ်၊ အမြီး၊ ပါးဟပ်တွေကို ဆွဲကြတယ်။ ပြီးတော့စုပေါင်းပြီး အရောင်တွေ ရောစပ်တယ်။ အရောင်စုံငါးလေးဖြစ်အောင် အားလုံးစုပေါင်းပြီး ဆေးရောင်ခြယ်ကြတယ်။

**နိဂုံး (၅ မိနစ်)**

■ ရေးဆွဲထားသော ရုပ်ပုံနှင့်ပတ်သက်၍ အုပ်စုအချို့အားအတန်းရှေ့ထွက်၍ ရှင်းပြစေမည်။

● အုပ်စုအချို့က ရှင်းပြကြမည်။

DBEBox

## ၂-၄ ပတ်ဝန်းကျင်ရှိ ပစ္စည်းများဖြင့် ပုံနှိပ်ကူးယူရေးဆွဲခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

ပတ်ဝန်းကျင်ရှိ ပစ္စည်းများဖြင့် ပုံနှိပ်ကူးယူရေးဆွဲရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ဆရာ- A4 စက္ကူ(တစ်ဦးလျှင် ၂ ရွက်နှုန်း)၊ ရေဆေး ဝါ၊ နီ၊ ပြာ၊ (တစ်အုပ်စုလျှင် ၃ခွက်)၊ ဆေးစပ်ပြား(တစ်ဦးလျှင် တစ်ခု)၊ ရေဆေးဖျော်ရန် ရေခွက် (တစ်အုပ်စုလျှင် တစ်ခွက်)၊ စုတ်တံ အလုံး၊ အပြား(တစ်ဦးလျှင် တစ်စုံ)၊ ရေပုံး ၁ ပုံး။

ကျောင်းသား - စုတ်တံသုတ်ရန် အဝတ်စ (လူကြီးလက်တစ်ဖဝါးစာ)၊ ပတ်ဝန်းကျင်ရှိ စွန့်ပစ် ပစ္စည်းများ(သစ်ရွက်ခြောက်အမျိုးမျိုး၊ တုတ်ချောင်း၊ ရေသန့်ဘူးအဖုံး၊ သတင်းစာစက္ကူ၊ ကတ်ထူစက္ကူ၊ အပ်ချည်ကြိုး . . . စသည်ဖြင့်)။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ အောက်ပါမေးခွန်းကို မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။
  ဥပမာ- ရေဆေးဖြင့် ပုံကူးယူတဲ့အခါ ဘာပစ္စည်းတွေကို အသုံးပြုခဲ့သလဲ။
- ● ကလေးများစဉ်းစားဖြေဆိုကြမည်။ ဥပမာ- စုတ်တံ၊ သွားပွတ်တံ၊ ပိုက်၊ စက္ကူကို တစ်ဝက်ခေါက်၍ . . . စသည်ဖြင့်။
- ■ ကြိုတင်မှာကြားထားသော ပတ်ဝန်းကျင်ရှိပစ္စည်းများ ယူလာခြင်း ရှိ/မရှိ မေးပြီး ၎င်းပစ္စည်းများနှင့် ရေဆေးကိုသုံး၍ ပုံနှိပ်ကူးယူကြမည်ဟု ပြောမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကျောင်းသုံးစာအုပ်ပါ ပုံနှိပ်ကူးယူပုံအဆင့်ဆင့်ကို ရှင်းပြပြီး နမူနာပြုလုပ်ပြမည်။ ဥပမာ- သစ်ရွက်၊ ကတ်ထူပြား၊ ရေသန့်ဘူး အဖုံးစသည်တို့ကို အသုံးပြု၍ ပြုလုပ်ခြင်း။
- ■ အုပ်စုကိုယ်စားလှယ်များအား သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို လာယူစေမည်။
- ■ ပထမ A4 စက္ကူတစ်ရွက်တွင် အိမ်က ယူလာသော ပစ္စည်းအချို့ကို အသုံးပြု၍ စမ်းသပ်ပုံနှိပ်ကူးယူစေမည်။

**အခန်း(၂)** အရောင်များကို လေ့လာခြင်း

သင်ခန်းစာ(၄) ပတ်ဝန်းကျင်ရှိ ပစ္စည်းများဖြင့် ပုံနှိပ်ကူးယူရေးဆွဲခြင်း




၁၂

### သတိပြုရမည့်အချက်များ

၁ ပုံနှိပ်ကူးယူမှုကို ပစ္စည်းအမျိုးမျိုးသုံးကာ တစ်ကြိမ်မက ပြုလုပ်နိုင်ကြောင်း ပြောမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ပတ်ဝန်းကျင်ရှိ ပစ္စည်းများဖြင့် ပုံနှိပ်ကူးယူရေးဆွဲခြင်း။

| | |
|---|---|
| A | ပုံသဏ္ဌာန်ပေါ်လွင်အောင် သေသပ်လှပစွာ ပုံနှိပ်ကူးယူရေးဆွဲနိုင်ခြင်း။ |
| S | ပုံသဏ္ဌာန်ပေါ်လွင်အောင် ပုံနှိပ်ကူးယူ ရေးဆွဲနိုင်ခြင်း။ |
| E | မရေးဆွဲနိုင်ခြင်း။ |

DBE COPY

ကလေးလက်ရာများ






သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ, စုတ်တံ, စုတ်တံဆေးရန်ခွက်, ရေဆေး, ရေခွက်

အဝတ်စ, ဆေးစပ်ခွက်, ရေပုံး, ပတ်ဝန်းကျင်ရှိပစ္စည်းများ

၁၃

## သတိပြုရမည့်အချက်များ

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပုံနှိပ်ကူးယူရာတွင် မည်ကဲ့သို့ စိတ်ကူးပုံဖော်ထားသည်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | အသေးစိတ် ရှင်းပြနိုင်ခြင်း။ |
| S | ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

■ ပုံနှိပ်ကူးယူလိုသောပုံကို စဉ်းစားစေမည်။

■ စဉ်းစားထားသည့် စိတ်ကူးအတိုင်း ဒုတိယ A4 စက္ကူပေါ်တွင် မိမိရရှိထားသောပစ္စည်းများကို ရေဆေးခွက်တွင် နှစ်၍ဖြစ်စေ၊ စုတ်တံဖြင့် သုတ်၍ဖြစ်စေ လွတ်လပ်စွာ ပုံနှိပ်ကူးယူစေမည်။

■ ပုံပေါ်တွင် စုတ်တံဖြင့် ဖြည့်စွက်ရေးဆွဲခြင်း မပြုရန် ပြောမည်။

● စဉ်းစားထားသည့်အတိုင်း ပုံနှိပ်ကူးယူကြမည်။

■ ပုံနှိပ်ကူးယူရေးဆွဲပြီးပါက မိမိ၏အမည်နှင့် မည်ကဲ့သို့ စိတ်ကူးပုံဖော်ထားသည်ကို ပုံ၏ ညာဘက်အောက်ထောင့်တွင် စာသားအနည်းငယ်ဖြင့် ရေးသားစေမည်။

■ ယခင်သင်ခန်းစာများကဲ့သို့ စုတ်တံကို ဆေးကြော၍ အဝတ်ဖြင့်သုတ်ပြီး စနစ်တကျ သိမ်းဆည်းစေမည်။

■ ၂ယောက်တစ်တွဲ ကလေးများအချင်းချင်း မည်သည့်ပစ္စည်းများအသုံးပြု၍ မည်ကဲ့သို့အဆင့်ဆင့် ပုံနှိပ်ကူးယူခဲ့သည်ကို ရှင်းပြစေမည်။

● ပုံနှိပ်ကူးယူထားသော ပုံများကို အချင်းချင်းပြ၍ ရှင်းပြမည်။
ဥပမာ- ရေသန့်ဘူးအဖုံးလေးကို နှိပ်လိုက်တဲ့အခါမှာ ငါးမျက်စိလေးနဲ့တူလို့ ငါးပုံလေးလုပ်မယ်လို့ စိတ်ကူးလိုက်တယ်။ ငါးရဲ့ခန္ဓာကိုယ်ပိုင်းကို ကတ်ထူစက္ကူလေးတွေနဲ့ ပုံဖော်လိုက်တယ်။

**နိဂုံး (၅ မိနစ်)**

■ ကလေးအချို့ကို အတန်းရှေ့ထွက်စေပြီး ပုံနှိပ်ကူးယူထားသော ပုံအကြောင်းကို ရှင်းပြစေမည်။

● ပုံနှိပ်ကူးယူထားသော ပုံအကြောင်းကို ရှင်းပြမည်။

မှတ်ချက်

ရေဆေး မရှိပါက မဲနယ်၊ နနွင်းမှုန့်တို့ကို ကော်ဖြင့် ရောစပ်၍သော်လည်းကောင်း၊ ရေအနည်းငယ်ဖြင့် ရောစပ်၍သော်လည်းကောင်း အစားထိုး အသုံးပြု ရေးဆွဲနိုင်ပါသည်။

ဤသင်ခန်းစာမသင်မီ ပတ်ဝန်းကျင်ရှိ ပစ္စည်းများကို ကျောင်းသားများ ကြိုတင်ယူဆောင်လာရန် ပြောမည်။

DBE Box

# ၃-၁ ပြင်ပရှုခင်းရေးဆွဲခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

ပြင်ပရှုခင်းပုံကို အမြင်အတိုင်း ရေးဆွဲရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူ(ကလေးတစ်ဦးလျှင်တစ်ဝက်နှုန်း)၊ ဖယောင်းရောင်စုံ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ အောက်ပါမေးခွန်းများမေးကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။
- ပန်းချီဆွဲဖူးကြသလား။
- ဘယ်မှာဆွဲဖူးတာလဲ။
- မဂ္ဂဇင်းပါ ရှုခင်းပုံ သို့မဟုတ် ကျောင်းသုံးစာအုပ်ပါ ရှုခင်းနမူနာပုံ တစ်ခုကိုပြပြီး ဒီရှုခင်းပုံကို ဘယ်မှာ ဆွဲထားတယ်ထင်သလဲ။
- စာသင်ခန်းအပြင်ဘက်ကိုထွက်၍ ပုံများရေးဆွဲဖူးပါသလား။ ရေးဆွဲချင်သလား။

● လွတ်လပ်စွာ ဖြေဆိုကြမည်။

■ ပုံတွေကို အပြင်မှာထွက်ပြီး ရေးဆွဲလျှင် ရေးဆွဲနိုင်သော အရာများစွာ ရှိကြောင်း၊ ထို့ကြောင့် စာသင်ခန်းပြင်ပရှိ မိမိကြိုက်နှစ်သက်သော မြင်ကွင်းကိုကြည့်ကာ ပြင်ပရှုခင်းရေးဆွဲမည်ဖြစ်ကြောင်း ပြောမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို လာယူစေမည်။

■ စာသင်ခန်း ပြင်ပသို့ထွက်၍ ပုံရေးဆွဲမည်ဆိုပါက ဗလာစာအုပ်ကို အောက်ခံထားပြီး ရေးဆွဲရမည်ဖြစ်ကြောင်း ပြောမည်။

■ ရေးဆွဲရာ၌မြင်သည့်အတိုင်း ရေးဆွဲစေပြီး ယခင်သင်ခန်းစာများတွင် သင်ယူပြီးသော ထပ်နေသည့် သဘောပါအောင် ထည့်သွင်းရေးဆွဲစေမည်။

■ ကလေးများကို စာသင်ခန်းပြင်ပသို့ ခေါ်ဆောင်သွားမည်။ စာသင်ခန်း ပြင်ပရှိ ပုံဆွဲရန် သင့်လျော်သော နေရာကို ဆရာက ရွေးချယ်သတ်မှတ်ပေးမည်။ ထိုနေရာမှနေ၍ မည်ကဲ့သို့သော ရှုခင်းဖြစ်သည်ကို လေ့လာစေမည်။ လေ့လာပြီးပါက နှစ်သက်ရာ ရှုခင်းတစ်ခုကို ရေးဆွဲစေမည်။

● နှစ်သက်ရာ ရှုခင်းပုံကို ရေးဆွဲကြမည်။

**အခန်း(၃)** ပန်းချီကားဖန်တီးရေးဆွဲခြင်း

သင်ခန်းစာ(၁) ပြင်ပရှုခင်းရေးဆွဲခြင်း






A မြင်ကွင်း B မြင်ကွင်း C မြင်ကွင်း

၁၄

### သတိပြုရမည့်အချက်များ

၁ လူအသွားအလာ ရှင်းသောနေရာ၊ အရိပ်ရသောနေရာ၊ အန္တရာယ်ကင်းရှင်းသော နေရာမျိုးကို ရွေးချယ်ရပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ပြင်ပရှုခင်းကို အမြင်အတိုင်း ရေးဆွဲခြင်း။

| | |
|---|---|
| A | မြင်သည့်အရာများကို အမြင်အတိုင်း မှန်ကန်စွာ ထည့်သွင်းရေးဆွဲနိုင်ခြင်း။ |
| S | မြင်သည့်အရာများကို ထည့်သွင်းရေးဆွဲနိုင်ခြင်း။ |
| E | မရေးဆွဲနိုင်ခြင်း။ |


DBE

ကလေးလက်ရာများ






သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ


A4 စက္ကူ


ဖယောင်းရောင်စုံ

၁၅

## သတိပြုရမည့်အချက်များ

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပြင်ပရှုခင်းပုံအား မည်ကဲ့သို့ ရေးဆွဲထားသည်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | အသေးစိတ် ရှင်းပြနိုင်ခြင်း။ |
| S | ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

■ လှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပံ့ပိုးကူညီပေးမည်။

■ ရေးဆွဲပြီးပါက ဆေးရောင်ခြယ်စေမည်။

■ ဆေးရောင်ခြယ်ပြီးပါက ပုံ၏ ညာဘက်အောက်ထောင့်တွင် မိမိ၏ အမည်ကို ရေးစေမည်။ ရှုခင်းပုံအား မည်ကဲ့သို့ရေးဆွဲထားသည်ကို ပုံ၏ နောက်ကျောဘက်တွင် စာအနည်းငယ်ဖြင့် ရေးစေမည်။ ဥပမာ- သစ်ပင်ကို ဆွဲထားတယ်။ သစ်ပင်ရဲ့အနောက်မှာ ကျောင်းကြီးကို ဆွဲထားတယ်။ နေလုံးကြီးကိုလဲ ထည့်ဆွဲထားတယ်။

■ ကလေးများအားလုံးကို သင့်လျော်သော နေရာတစ်နေရာ၌ ပြန်လည်စုစည်းစေမည်။

**နိဂုံး (၅ မိနစ်)**

■ ရေးဆွဲထားသော ပုံများကို အချင်းချင်းပြစေပြီး ပုံနှင့် ပတ်သက်၍ ရှင်းပြစေမည်။

● ကလေးအချင်းချင်းရှင်းလင်းပြောဆိုကြမည်။

■ အချင်းချင်းရှင်းပြသည်ကို လှည့်လည်ကြည့်ရှုအားပေးမည်။

■ ရှင်းပြပြီးပါက အတန်းတွင်းသို့ ပြန်ဝင်စေမည်။

မှတ်ချက်

ကလေးများပုံဆွဲရန် သင့်လျော်မည့် နေရာကို ကြိုတင်ရှာဖွေ သတ်မှတ်ထားရမည်။

DBE BOX

# ၃-၂ မြင်တွေ့ဖူးသောမြင်ကွင်း ရေးဆွဲခြင်း
# စာသင်ချိန် ၁ ချိန်

## သင်ယူမှုဦးတည်ချက်

ကြိုက်နှစ်သက်သော အမှတ်တရ မြင်ကွင်းတစ်ခုကို ရေးဆွဲရှင်းပြတတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ(ကလေးတစ်ဦးလျှင်တစ်ဝက်နှုန်း)၊ ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ အောက်ပါမေးခွန်းများကိုမေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။
  - ဘယ်နေရာတွေ ရောက်ဖူးသလဲ။
  - ဘာတွေတွေ့ခဲ့ဖူးသလဲ။
  - တွေ့ခဲ့တဲ့ အရာတွေထဲမှာ ဘယ်မြင်ကွင်းကို ကြိုက်နှစ်သက်ပြီး အမှတ်တရဖြစ်ခဲ့သလဲ။ (ကလေး ၄ ဦး၊ ၅ ဦး ခန့်အား ဖြေဆိုစေမည်။)
- ● လွတ်လပ်စွာ ဖြေဆိုကြမည်။
- ■ နှစ်သက်ပြီး အမှတ်တရဖြစ်ခဲ့တဲ့ မြင်ကွင်းကလေးကို ပုံဆွဲကြည့်ကြရမည်ဟု ပြောပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကျောင်းသုံးစာအုပ်ပါ အမှတ်တရမြင်ကွင်းပုံကိုပြပြီး အဘယ်ကြောင့် ရေးဆွဲခဲ့သည်ကို ရှင်းပြမည်။
  ဥပမာ- ကမ်းခြေသွားတုန်းက တောင်တန်းကြီးရယ်၊ ကမ်းခြေက လှေကလေးရယ်၊ အုန်းပင်ကလေးတွေကို တွေ့ခဲ့တယ်၊ အဲ့ဒီ မြင်ကွင်းလေးကို အမြဲအမှတ်တရဖြစ်နေလို့ ဆွဲထားတယ်။
- ■ နှစ်သက်ပြီးအမှတ်တရ ကျန်နေခဲ့သည့် မြင်ကွင်းကို ရေးဆွဲရန် စဉ်းစားစေမည်။
- ■ စဉ်းစားထားသည့်အတိုင်း ကလေး ၂ ဦးခန့်အား ပြောစေမည်။
- ■ အုပ်စုကိုယ်စားလှယ်များအား သင်ထောက်ကူပစ္စည်းများကို လာယူစေမည်။
- ■ A4 စက္ကူတစ်ဝက်ပေါ်တွင် စဉ်းစားထားသည့် အမှတ်တရမြင်ကွင်းကို အလျားလိုက် ကြီးကြီးရေးဆွဲ ဆေးခြယ်စေမည်။
- ■ လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိပါက ပံ့ပိုးကူညီပေးမည်။




## သတိပြုရမည့်အချက်များ

၁ ရေးဆွဲထားသောပုံကို ဆေးရောင်အပြည့်ခြယ်ရန် သတိပေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ ကြိုက်နှစ်သက်သည့် အမှတ်တရမြင်ကွင်းတစ်ခုကို ရေးဆွဲခြင်း။

| | |
|---|---|
| A | အမှတ်တရမြင်ကွင်း၏ ပုံသဏ္ဌာန်များကို မှန်ကန်စွာ ရေးဆွဲနိုင်ခြင်းနှင့် ဆေးရောင်များကို ညီညာစွာ ဆေးရောင်ခြယ်နိုင်ခြင်း။ |
| S | အမှတ်တရမြင်ကွင်း၏ ပုံသဏ္ဌာန်များကို မှန်ကန်စွာ ရေးဆွဲနိုင်ခြင်း သို့မဟုတ် ဆေးရောင်များကို ညီညာစွာ ဆေးရောင်ခြယ်နိုင်ခြင်း။ |
| E | မရေးခြယ်နိုင်ခြင်း။ |




## သတိပြုရမည့်အချက်များ

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ရေးဆွဲထားသည့် အမှတ်တရမြင်ကွင်းပုံအကြောင်းကို ရှင်းပြခြင်း။

| | |
|---|---|
| A | အမှတ်တရမြင်ကွင်း ပုံအကြောင်းကို ရေးဆွဲထားသည့်အတိုင်း အသေးစိတ်ကို ရှင်းပြနိုင်ခြင်း။ |
| S | အမှတ်တရမြင်ကွင်း ပုံအကြောင်းကို ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

■ ဆေးရောင်ခြယ်ပြီးပါက ပုံ၏ ညာဘက်အောက်ထောင့်တွင် မိမိ၏ အမည်ကို ရေးစေမည်။ ပုံ၏ နောက်ကျောဘက်တွင် မည်သည့်အတွက်ကြောင့် ထိုမြင်ကွင်းအား အမှတ်တရအဖြစ် ရေးဆွဲထားသည်ကို စာသားအနည်းငယ်ဖြင့် ရေးသားစေမည်။

● ရေးဆွဲထားသော ပုံနှင့်ပတ်သက်၍ ရှင်းလင်းချက်ကို ရေးသားမည်။

■ ကလေးများကို နှစ်ယောက်တစ်တွဲတွဲ၍ အချင်းချင်းမည်သည့် မြင်ကွင်းကို ရေးဆွဲခဲ့ကြောင်း ရှင်းပြစေမည်။

● ရေးဆွဲထားသော ပုံနှင့်ပတ်သက်၍ အချင်းချင်း ရှင်းပြမည်။
ဥပမာ- မိသားစုနှင့်အတူ တောင်ကြီးသွားတုန်းက တောင်ပေါ်က သက်တန့်လေး ထွက်လာတဲ့ မြင်ကွင်းလေးကို အမြဲအမှတ်ရနေလို့ ဆွဲထားတယ်။

**နိဂုံး (၅ မိနစ်)**

■ ကလေးအချို့ကို အတန်းရှေ့ထွက်စေပြီး မိမိတို့ ရေးဆွဲထားသည့် ကြိုက်နှစ်သက်သော အမှတ်တရမြင်ကွင်းအကြောင်းကို ရှင်းပြစေမည်။

■ ရေးဆွဲထားသော မြင်ကွင်းနှင့် ပတ်သက်၍ ရှင်းပြကြမည်။

DBE BOX

# ၃-၃ ပုံပြင်ကို သရုပ်ဖော်ရေးဆွဲခြင်း
## စာသင်ချိန် ၂ ချိန်

### သင်ယူမှုဦးတည်ချက်

ပုံပြင်ပါ အကြောင်းအရာကို ပုံဖော်ရေးဆွဲ ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ ၂ရွက်(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း၊ မျက်နှာဖုံးပြုလုပ်ရန် တစ်အုပ်စုလျှင်တစ်ရွက်နှုန်း)၊ ဖယောင်းရောင်စုံ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
### ပထမစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။

■ အောက်ပါမေးခွန်းများမေးကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

- ပုံပြင်နားထောင်ဖူးသလား။ ဘယ်လိုပုံပြင်တွေ နားထောင်ဖူးကြသလဲ။
- ပုံပြင်ထဲက အကြောင်းတွေကို စဉ်းစားပြီး ပုံဆွဲဖူးကြသလား။

● လွတ်လပ်စွာ ဖြေဆိုကြမည်။

■ ပုံပြင်ကို ဖတ်ပြီး ပုံပြင်ပါအကြောင်းအရာများကို သရုပ်ဖော်ပုံရေးဆွဲမည်ဖြစ်ကြောင်းပြောမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ကျောင်းသုံးစာအုပ်ပါ ပုံပြင်ကို တစ်တန်းလုံးအား ဖတ်စေမည်။

■ ပုံပြင်ပါ အကြောင်းအရာများအား မည်ကဲ့သို့ ပုံဖော်ရေးဆွဲမည်ကို အုပ်စုလိုက် ဆွေးနွေးစေမည်။

■ အုပ်စုဝင်တစ်ဦးချင်းစီအား ပုံပြင်တွင် ရေးထားသည့် နံပါတ်တစ်ခုချင်းစီ အလိုက် အကြောင်းအရာများကို ခွဲဝေပေးမည်။ ထိုအကြောင်းအရာအား သရုပ်ဖော်ရေးဆွဲရန် စဉ်းစားစေမည်။

■ အုပ်စုတစ်ဖွဲ့၏ အုပ်စုဝင်တစ်ဦးချင်းစီကို သရုပ်ဖော်ရေးဆွဲရန် မည်ကဲ့သို့ စဉ်းစားထားသည်ကို အတန်းသို့ တင်ပြစေမည်။

■ အုပ်စုကိုယ်စားလှယ်တစ်ဦးစီအား သင်ထောက်ကူပစ္စည်းများကို လာယူစေမည်။

■ မိမိတို့ရရှိထားသော ပုံပြင်ပါ အကြောင်းအရာအရ စဉ်းစားထားသည့် ပုံများကို A4 စက္ကူအား အလျားလိုက်ထားပြီး ပုံဖော်ရေးဆွဲစေမည်။

● လွတ်လပ်စွာ ပုံဖော်ရေးဆွဲကြမည်။

■ အုပ်စုလိုက် ပုံများရေးဆွဲနေစဉ် ဆရာက လှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပံ့ပိုးကူညီမည်။

**နိဂုံး (၅ မိနစ်)**

■ ရေးဆွဲပြီးပါက မိမိတို့၏အမည်ကို ပုံ၏ညာဘက်အောက်ထောင့်တွင် ရေးစေပြီး အုပ်စုလိုက် အပ်နှံစေမည်။

**အခန်း(၃)** **ပန်းချီကားဖန်တီးရေးဆွဲခြင်း**

**သင်ခန်းစာ(၃) ပုံပြင်ကို သရုပ်ဖော်ရေးဆွဲခြင်း**

**ရောင်စုံဘဲကလေးများ**

၁။ တစ်ခါတုန်းက တောအုပ်တစ်ခုရဲ့ ရေကန်ဘေးနားမှာ ကိုရွှေဘဲတို့ မိသားစုနေထိုင်ကြသတဲ့။ သူတို့ဇနီးမောင်နှံမှာ ရောင်စုံဘဲကလေး ၅ ကောင်ရှိသတဲ့ကွယ်။

၂။ ရောင်စုံဘဲကလေးတွေဟာ အရွယ်ရောက်လာတော့ ငါက ပိုလှတယ် ငါ့အရောင်က ပိုကောင်းတယ် ငါ့အရောင်က ပိုတောက်တယ်စသည်ဖြင့် နေ့တိုင်းလိုလို စကားများကြရင်း အလှပြိုင် ရန်ဖြစ်ကြသတဲ့။

၃။ တစ်နေ့တော့ ဘဲကလေးတွေဟာ စကားများရင်း ပညာရှိယုန်ကြီးထံ ရောက်သွားသတဲ့၊ ယုန်ကြီးက ဘဲကလေးတို့ မင်းတို့ဟာ ညီအစ်ကို မောင်နှမအရင်းအချာတွေ ဖြစ်ကြတယ်။ ဒို့အပြင် မင်းတို့မှာ ကိုယ်ပိုင်အရောင်နဲ့ အလှတွေရှိကြတယ်ဆိုတာ ဂုဏ်ယူစရာပဲ၊ ဒါပေမဲ့ အဲဒီလိုစကားများ ရန်ဖြစ်နေတာဟာ မင်းတို့ကို အရုပ်ဆိုးစေတယ်လို့ ဆိုဆုံးမသတဲ့။

၄။ ဒါကြောင့်မိသားစုတွေ စကားများရန်ဖြစ်နေမဲ့အစား ကိုယ့်အိမ်မှာ ကိုယ့်အလှနဲ့ကိုယ် တာဝန်ယူစုပေါင်းနေထိုင်ကြမယ်ဆိုရင် ပျော်စရာကောင်းတဲ့ ဘဲမိသားစုကလေးတစ်ခုဖြစ်နိုင်တယ်လို့ ဆိုဆုံးမသတဲ့။ ရောင်စုံဘဲကလေးတွေလဲ ပညာရှိယုန်ကြီးရဲ့ ဆုံးမတာကို နာခံကြပြီး သူတို့နေအိမ်ကို ပျော်ပျော်ရွှင်ရွှင် ပြန်လာခဲ့ကြသတဲ့ကွယ်။




၁၈

### သတိပြုရမည့်အချက်များ

၁ ပုံပြင်ပါအကြောင်းအရာကို အခြေခံ၍ ရေးဆွဲထားသော ပုံဖြစ်ရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ပုံပြင်ပါ အကြောင်းအရာများကို ပုံဖော်ရေးဆွဲခြင်း။

| | |
|---|---|
| A | အကြောင်းအရာအသေးစိတ်ကို ပုံဖော်ရေးဆွဲနိုင်ခြင်း။ |
| S | အကြောင်းအရာအချို့ကို ပုံဖော်ရေးဆွဲနိုင်ခြင်း။ |
| E | ပုံဖော်မရေးဆွဲနိုင်ခြင်း။ |

DBE




## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ဒုတိယစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

■ အုပ်စုကိုယ်စားလှယ်တစ်ဦးစီကို အပ်နှံထားသောပုံများနှင့် မျက်နှာဖုံး ပြုလုပ်ရန် A4 စက္ကူ(တစ်အုပ်စုလျှင်တစ်ရွက်)နှင့် ဖယောင်းရောင်စုံ များအား လာယူစေမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ပုံကို ဆေးရောင်ခြယ်ရမည်ဖြစ်ကြောင်း ပြောမည်။

● လွတ်လပ်စွာ ဆေးရောင်ခြယ်ကြမည်။

■ ကလေးများ ဆေးရောင်ခြယ်နေစဉ် အတန်းတွင် လှည့်လည်ကြည့်ရှု၍ ပံ့ပိုးကူညီပေးမည်။

■ မျက်နှာဖုံးပြုလုပ်မည့် A4 စက္ကူကို အလျားလိုက်ထားပြီး ပုံပြင်အမည် နှင့် အုပ်စုဝင်များ၏ အမည်များကို ဖယောင်းရောင်စုံဖြင့် ရေးသားစေမည်။

■ မည်ကဲ့သို့ သရုပ်ဖော်ရေးဆွဲထားသည်ကို အစီအစဉ်အတိုင်း အတန်းရှေ့ထွက်၍ အုပ်စုဝင်များအား ရှင်းပြစေမည်။

● အုပ်စုလိုက် ရှင်းပြမည်။

ဥပမာ- ပုံပြင်စာပိုဒ် ၁ ဖြစ်တဲ့အတွက် တောအုပ်၊ အိမ်၊ ဘဲမိသားစုနဲ့ ရေကန်ကို အဓိကထား ရေးဆွဲထားပါတယ်။

စာပိုဒ် ၂ ဘဲကလေးတွေ ရန်ဖြစ်စကားများနေတဲ့ ပုံပေါ်အောင် ရှေ့နောက် ကျောပေးပြီး ဆွဲထားပါတယ်။

စာပိုဒ် ၃ ပညာရှိယုန်ကြီးဆီကို သွားပြီး အဆုံးအမ ခံယူနေပုံကို ဆွဲထားပါတယ်။

စာပိုဒ် ၄ ယုန်ပညာရှိထံက ပျော်ရွှင်စွာ ပြန်လာတဲ့ ဘဲကလေးတွေကို သူတို့အဖေနဲ့ အမေက ကြိုဆိုနေပုံကို ဆွဲထားပါတယ်။

**နိဂုံး (၅ မိနစ်)**

■ ဖတ်ရှုပြီးသော ပုံပြင်ပါအကြောင်းအရာကို ပုံဖော်ရေးဆွဲခြင်းဖြင့် မိမိတို့၏ စဉ်းစားတွေးခေါ်မှု ဉာဏ်ရည်တိုးတက်နိုင်ကြောင်း ပြောကာ သင်ခန်းစာအား နိဂုံးချုပ်ပါမည်။

မှတ်ချက်

အုပ်စုခွဲရာတွင် ကျောင်းသား အရေအတွက်အရ ၂ယောက်တစ်ဖွဲ့၊ ၃ယောက်တစ်ဖွဲ့၊ ၅ ယောက်တစ်ဖွဲ့ တို့ ပါရှိခဲ့ပါက ဆရာက ပုံပြင်ပါ အကြောင်းအရာကို ကျောင်းသုံးစာအုပ်ပါ နံပါတ်များအတိုင်းခွဲဝေခြင်းမျိုးမဟုတ်ဘဲ သရုပ်ဖော်လွယ်ကူပြီး သင့်လျော်အောင် ခွဲဝေပေးရမည်။

ပုံဖော်ရေးဆွဲထားသည့် အကြောင်းအရာများကို တင်ပြသည့်အခါ ကလေးများ အားလုံးပါဝင် တင်ပြနိုင်ရန် ဆရာက အချိန်ကို ညှိနှိုင်း ဆောင်ရွက်ရမည်။

## သတိပြုရမည့်အချက်များ

၂ ရုပ်ပုံကို စက္ကူအပြည့် ရေးဆွဲဆေးရောင်ခြယ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပုံပြင်ပါ အကြောင်းအရာများကို မည်ကဲ့သို့ စဉ်းစားသရုပ်ဖော် ရေးဆွဲထားသည်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | ပုံပြင်ပါ အကြောင်းအရာအားလုံးကို ရှင်းပြနိုင်ခြင်း။ |
| S | အချို့သာ ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

# ၃-၄ ပန်းချီကားတစ်ချပ်ကို ပူးပေါင်းဖန်တီးခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

မှတ်မိသော အကြောင်းအရာများကို စိတ်ကူးဖြင့် ပူးပေါင်းပုံဖော်ရေးဆွဲ ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

စက္ကူအကြီး (A4 စက္ကူ ၂ရွက်ကို ကော်ဖြင့်ဆက်၍အသုံးပြုနိုင်သည်)၊ ဖယောင်းရောင်စုံ၊ ကော်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ တစ်ဖွဲ့လျှင် ၂ ယောက်တစ်တွဲ တွဲ၍ ထိုင်စေမည်။
- ■ အောက်ပါမေးခွန်းများမေးကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။
  - သူငယ်ချင်းနဲ့ တိုင်ပင်ပြီး နှစ်ယောက်တစ်တွဲ ပန်းချီကားတစ်ချပ် ရေးဆွဲဖူးသလား။
  - ၂ ယောက်တစ်တွဲ တိုင်ပင်ပြီး ပန်းချီကားရေးဆွဲချင်သလား။
  - ဘယ်လိုပန်းချီကားရေးဆွဲချင်သလဲ။
- ● လွတ်လပ်စွာ ဖြေဆိုကြမည်။
- ■ ပန်းချီကားတစ်ချပ်ကို ၂ ယောက်တစ်တွဲ ပူးပေါင်းရေးဆွဲကြမည် ဖြစ်ကြောင်းပြောမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အတွဲအလိုက် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို လာယူစေပြီး A4 စက္ကူ ၂ ရွက်ကို စက္ကူအကြီးဖြစ်အောင် ကော်ဖြင့် ကပ်စေမည်။
- ■ ရေးဆွဲရာတွင် အမှတ်တရဖြစ်နေသော အကြောင်းအရာများကို ၂ ယောက်ပူးပေါင်း၍ မည်ကဲ့သို့ ပုံဖော်ရေးဆွဲမည်ကို စဉ်းစားဆွေးနွေးစေမည်။
- ■ ထို့နောက် အတွဲအချို့အား စဉ်းစားဆွေးနွေးထားသည်ကို အတန်းသို့ တင်ပြစေမည်။ ဥပမာ- သမီး ခရီးသွားတုန်းက တောင်တန်းတွေကို မှတ်မိနေတယ်။ သူက ရွာကလေးတစ်ရွာသွားတာကို မှတ်မိနေတယ်။ သမီးတို့ ၂ ယောက်ပေါင်းပြီး တောင်ပေါ်ရွာကလေးဆွဲမယ်။
- ■ စာရွက်ကို အလျားလိုက်ထား၍ စာရွက်အပြည့် ရေးဆွဲဆေးရောင်ခြယ်စေမည်။
- ● ၂ ယောက်ပူးပေါင်းတိုင်ပင်ထားသည့် အကြောင်းအရာများကို စာရွက်အပြည့် ပုံရေးဆွဲဆေးရောင်ခြယ်မည်။




### သတိပြုရမည့်အချက်များ

၁ A4 စက္ကူများပေါင်းစပ်၍ စက္ကူအကြီးပြုလုပ်ရာတွင် အခက်အခဲရှိပါက ဆရာက ပံ့ပိုးကူညီရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ပန်းချီကားချပ်များကို သဘာဝကျစွာ ရေးဆွဲနိုင်ခြင်း။

| | |
|---|---|
| A | မှတ်မိသောအကြောင်းအရာနှင့် စိတ်ကူးထားသောအကြောင်းအရာများကို သဘာဝကျစွာ ရေးဆွဲနိုင်ခြင်း။ |
| S | မှတ်မိသောအကြောင်းအရာများကို သဘာဝကျစွာ ရေးဆွဲနိုင်ခြင်း။ |
| E | အကြောင်းအရာများကို သဘာဝကျစွာ မရေးဆွဲနိုင်ခြင်း။ |

ကလေးလက်ရာများ






သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ


A4 စက္ကူ


ဖယောင်းရောင်စုံ ၂၁


ကော်

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- ■ အတန်းတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပံ့ပိုးကူညီပေးမည်။
- ■ ဆေးခြယ်ပြီးပါက ပုံ၏ညာဘက်အောက်ထောင့်တွင် မိမိတို့၏အမည်များကို ရေးစေမည်။
- ■ နောက်ကျောဘက်တွင် မည်ကဲ့သို့ ပူးပေါင်းစဉ်းစား ပုံဖော်ရေးဆွဲထားသည်ကို ရှင်းလင်းချက်အနည်းငယ်ဖြင့် ရေးစေမည်။

ဥပမာ- သားက ပင်လယ်ထဲမှာ သင်္ဘောကလေးတွေကို တွေ့ခဲ့တယ်။ သူက မြို့ထဲမှာ ဈေးဝယ်တော့ တိုက်တွေ အများကြီးတွေ့ခဲ့တယ်။ ဒါကြောင့် ပင်လယ်ကမ်းစပ်က မြို့ကလေးပုံကို ဆွဲထားတယ်။

**နိဂုံး (၅ မိနစ်)**

- ■ ၂ ယောက်တစ်တွဲ ပူးပေါင်း၍ မည်သည့်အကြောင်းအရာရေးဆွဲခဲ့သည်ကို အတန်းရှေ့ထွက်၍ ရှင်းပြစေမည်။
- ● ရှင်းပြသောအကြောင်းအရာကို စိတ်ဝင်တစား နားထောင်ကြမည်။

မှတ်ချက်

ကလေးများ ရေးဆွဲထားသော ပန်းချီကားချပ်များကို အခြားသူများကြည့်ရှုနိုင်ရန် ကျောင်းအနေအထားပေါ် မူတည်၍ နံရံတွင်ကပ်ပြီး ပြသနိုင်ပါသည်။

## သတိပြုရမည့်အချက်များ

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ရေးဆွဲထားသော ပန်းချီကားချပ်အား မည်ကဲ့သို့ ပူးပေါင်းရေးဆွဲထားသည်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | မှတ်မိသောအကြောင်းအရာနှင့် စိတ်ကူးများကို ၂ယောက်ပူးပေါင်းရေးဆွဲထားသည်ကို ရှင်းပြနိုင်ခြင်း။ |
| S | မှတ်မိသော အကြောင်းအရာများကို ၂ယောက်ပူးပေါင်းရေးဆွဲထားသည်ကို ရှင်းပြနိုင်ခြင်း။ |
| E | ရေးဆွဲထားသည့် အကြောင်းအရာများကို မရှင်းပြနိုင်ခြင်း။ |

DBE BOX

# ၄-၁ ဘက်ညီပုံညှပ်၍ ဒီဇိုင်းပြုလုပ်ခြင်း
## စာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်

ဘက်ညီပုံများညှပ်၍ ဒီဇိုင်းပြုလုပ်ပြီး ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ(ကလေးတစ်ဦးလျှင် တစ်ရွက်နှုန်း)၊ ရောင်စုံစက္ကူ(ကလေးတစ်ဦးလျှင် တစ်ဝက်နှုန်း)၊ ကော်၊ ကတ်ကြေး၊ ကြိုတင်ပြုလုပ်ထားသော နမူနာတစ်ခု။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။

■ အောက်ပါမေးခွန်းများ မေးကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။
- စက္ကူကို ခေါက်၍ ညှပ်ပြီး ဘက်ညီပုံ ပြုလုပ်ဖူးသလား။
- အခြားဘက်ညီပုံလုပ်လို့ ရတာတွေ ရှိသေးလား။

● ကလေးများဖြေဆိုကြမည်။
ဥပမာ- သင်္ဘော၊ အိမ်၊ လူ၊ စာအုပ် . . . စသည်ဖြင့်

■ စတုတ္ထတန်းတွင် သင်ကြားမည့် ဘက်ညီရုပ်ပုံနမူနာနှင့် ဒုတိယတန်းတွင် သင်ကြားခဲ့သည့် ဘက်ညီရုပ်ပုံနမူနာကို ပြသပြီး မတူညီသောအချက်များကို မေးမည်။

■ စတုတ္ထတန်းတွင် သင်ကြားမည့် ဘက်ညီရုပ်ပုံနမူနာကိုပြပြီး ထိုကဲ့သို့သောအရာကို ပြုလုပ်မည်ဖြစ်ကြောင်း ပြောပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို မေးမည်။

■ အုပ်စုလိုက် သင်ကြားသင်ယူမှု အထောက်ကူပစ္စည်းများကို လာယူစေမည်။

■ ကျောင်းသုံးစာအုပ်ပါ ပြုလုပ်ပုံအဆင့်ဆင့်ကို တစ်ဆင့်ချင်းစီ ဆရာနှင့်အတူ ပြုလုပ်စေမည်။ အဆင့်တစ်ဆင့်ပြီးတိုင်း ကလေးများ အားလုံးလုပ်ဆောင်နိုင်မှသာ နောက်တစ်ဆင့်ကို သင်ကြားပေးရမည်။

● ဆရာလမ်းညွှန်သည့်အတိုင်း တစ်ဆင့်ချင်းလုပ်ဆောင်ကြမည်။

■ အဆင့် ၄ ကို ပြုလုပ်ရာတွင် ကျောင်းသုံးစာအုပ်ပါ နမူနာများနှင့် မတူညီသော မိမိရေးဆွဲလိုသော ဒီဇိုင်းပုံများကို ရေးဆွဲရမည်ဖြစ်ကြောင်း ပြောမည်။

**အခန်း(၄)** **လက်မှုပစ္စည်းများ ပြုလုပ်ခြင်း**

**သင်ခန်းစာ(၁) ဘက်ညီပုံညှပ်၍ ဒီဇိုင်းပြုလုပ်ခြင်း**











၂၂

### သတိပြုရမည့်အချက်များ

❶ ခေါက်ချိုးတွင် ပုံဆွဲသောအခါ ပုံ၏ တစ်ခြမ်းကိုသာ ရေးဆွဲစေမည်။

❷ ဘက်ညီပုံများညှပ်ရာတွင် မျဉ်းကြောင်းရာအတိုင်း ညှပ်စေမည်။

❸ ကော်ကပ်ရာ၌ ရုပ်ကြွပုံဖြစ်စေရန် အစွန်းနှစ်ဖက်ကိုသာ ကော်သုတ်ပြီး သတိပြု၍ ကပ်ရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ဘက်ညီပုံများကို ညှပ်၍ ရုပ်ကြွပုံကို ကပ်ခြင်း။


| | |
|---|---|
| A | ရုပ်ကြွပုံဖြစ်အောင် သေသပ်လှပစွာ ကပ်နိုင်ခြင်း။ |
| S | ရုပ်ကြွပုံဖြစ်အောင် ကပ်နိုင်ခြင်း။ |
| E | ရုပ်ကြွပုံဖြစ်အောင် မကပ်နိုင်ခြင်း။ |

ကလေးလက်ရာများ






သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ ရောင်စုံစက္ကူ ကော် ကတ်ကြေး

၂၇

## သတိပြုရမည့်အချက်များ

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ မည်သည့် ဒီဇိုင်းပုံပြုလုပ်ထားသည်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | ပုံများနှင့် ပတ်သက်၍ မည်သည့်ဒီဇိုင်းပုံပြုလုပ်ထားသည်ကို ရှင်းပြနိုင်ခြင်း။ |
| S | ပုံ၏ အမည်ကိုသာ ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- ကလေးများလုပ်ဆောင်နေသည်ကို လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများအား ပံ့ပိုးကူညီပေးမည်။
- လိုအပ်ပါက သူငယ်ချင်းအချင်းချင်း ပံ့ပိုးကူညီစေမည်။
- ရုပ်ကြွပုံ ပြုလုပ်ပြီးပါက ပုံ၏ ညာဘက်အောက်ထောင့်တွင် မိမိ၏ အမည်ကိုရေးစေမည်။ ထို့နောက် မည်ကဲ့သို့ ပုံဖော်ပြုလုပ်ထားသည်ကို ရှင်းလင်းချက်အနည်းငယ်ဖြင့် ရေးစေမည်။
  ဥပမာ- လေပေါ်မှာ ပျံနိုင်တဲ့ လေယာဉ်ပျံလေးတွေနဲ့ လေထီးတွေကို ဒီဇိုင်းပုံဖော်ပြီး ကပ်ထားတယ်။
- ၂ယောက်တစ်တွဲ ကလေးများအချင်းချင်း မည်သည့်ရုပ်ပုံများ ညှပ်၍ မည်ကဲ့သို့ ပုံဖော်ပြုလုပ်ခဲ့သည်ကို ရှင်းပြစေမည်။
- လွတ်လပ်စွာ ရှင်းပြကြမည်။

**နိဂုံး (၅ မိနစ်)**

- မည်ကဲ့သို့ ပုံဖော်ပြုလုပ်ထားသည်ကို ကလေးအချို့အား အတန်းရှေ့ထွက်၍ ရှင်းပြစေမည်။
- ကလေးအချို့က ရှင်းပြမည်။

DBE BOX

## ၄-၂ ရုပ်ကြွ (Pop-up) ပြုလုပ်ခြင်း
## စာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်

စက္ကူကို ညှပ်၍ ရုပ်ကြွပုံ ပြုလုပ်ပြီး ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ(ကလေးတစ်ဦးလျှင် တစ်ရွက်နှုန်း)၊ ရောင်စုံစက္ကူ (ကလေးတစ်ဦးလျှင် တစ်ဝက်နှုန်း)၊ ကော်၊ ကတ်ကြေး၊ ကြိုတင်ပြုလုပ်ထားသော နမူနာ တစ်ခု။


### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ နမူနာပြုလုပ်ထားသော ဒေါင်းရုပ် ရုပ်ကြွပုံကို ၁၈၀ ဒီဂရီဖြန့်ကာ အဖွင့်အပိတ် ပြုလုပ်ပြမည်။
- ■ ဒေါင်းရုပ် ရုပ်ကြွပုံတစ်ခု ပြုလုပ်ကြမည်ဖြစ်ကြောင်းပြောကာ သင်ခန်းစာကို နိဒါန်းပျိုးမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို မေးမည်။
- ■ အုပ်စုလိုက် သင်ကြားသင်ယူမှု အထောက်ကူပစ္စည်းများကို လာယူစေမည်။
- ■ ကျောင်းသုံးစာအုပ်ပါ ပြုလုပ်ပုံအဆင့်ဆင့်ကို တစ်ဆင့်ချင်းစီ ဆရာနှင့်အတူ ပြုလုပ်စေမည်။ အဆင့်တစ်ဆင့်ပြီးတိုင်း ကလေးများအားလုံး လုပ်ဆောင်နိုင်မှသာ နောက်တစ်ဆင့်ကို သင်ကြားပေးရမည်။
- ● ဆရာလမ်းညွှန်သည့်အတိုင်း တစ်ဆင့်ချင်းလုပ်ဆောင်ကြမည်။
- ■ ဒေါင်းရုပ်၏ အမြီးဒီဇိုင်းကို လွတ်လပ်စွာ စဉ်းစားပြီး ညှပ်စေမည်။
- ■ ကလေးများလုပ်ဆောင်နေသည်ကို ဆရာက လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများအား ပံ့ပိုးကူညီပေးမည်။
- ■ အားလုံးပြီးပါက အောက်ခံရောင်စုံစက္ကူ၏ ညာဘက်အောက်ထောင့်တွင် မိမိအမည်ကို ရေးစေမည်။ ထို့နောက် ဒေါင်းရုပ်၏ အမြီးဒီဇိုင်းနှင့် ပတ်သက်၍ မည်ကဲ့သို့ စဉ်းစားထားသည်ကို စာအနည်းငယ်ရေးစေမည်။ ဥပမာ- ကြင်နာတတ်တဲ့ ဒေါင်းလေးမို့အမြီးကို အဝိုင်းဒီဇိုင်းလေး လုပ်ထားတယ်။



အခန်း(၄) လက်မှုပစ္စည်းများ ပြုလုပ်ခြင်း

သင်ခန်းစာ(၂) ရုပ်ကြွ (Pop-up) ပြုလုပ်ခြင်း

ပြုလုပ်ပုံအဆင့်ဆင့်

၁။ A4 စက္ကူကို ပုံပါအတိုင်း ၃ လက်မမှတ်သားပြီးညှပ်ပါ။

၂။ ၃ လက်မဖြတ်ထားသော စက္ကူ (က)ကို လေးကြိမ်ခေါက်ပါ။

၃။ ခေါက်ထားသောစက္ကူကို ဖြန့်ပြီး ဘာဂျာခေါက်ပြန်ခေါက်ပါ။

၄။ နှစ်သက်ရာပုံဆွဲပြီး ညှပ်ပါ။

၅။ စက္ကူ၏ အစွန်းတစ်ဖက်တွင် ကော်သုတ်ပါ။

၆။ အောက်ခံစက္ကူ၏ ညာဘက်တွင် ပုံပါအတိုင်း ကပ်ပြီး ကော်သုတ်ပါ။

၇။ ကျန်ရှိ စက္ကူတစ်ခြမ်းကို ဖိကပ်ပါ။

၈။ ကျန်ရှိ စက္ကူ(ခ)ကို ထက်ဝက်ခေါက်ပါ။

၉။ ဒေါင်း၏ ခေါင်းနဲ့ကိုယ် ကိုကြီးကြီးဆွဲပြီး ညှပ်ပါ။ ၁

၁၀။ ပုံပါအတိုင်း သတ်မှတ်နေရာအထိ ညှပ်ပါ။

၁၁။ တစ်ဖက်ကို ကော်သုတ်ပြီး ကပ်ပါ။

၁၂။ စက္ကူအနားကို ဖြန့်ပြီး အောက်ခြေကို ကော်သုတ်ပါ။

၁၃။ အောက်ခံစက္ကူအလယ်တွင် ခေါင်းပိုင်းကိုကပ်ပါ။

၂၄

### သတိပြုရမည့်အချက်များ

၁ ရေးဆွဲထားသောပုံ၏ အနားသတ်မျဉ်းများအတိုင်း ဂရုပြု၍ ညှပ်ပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ရုပ်ကြွပုံ ပြုလုပ်ခြင်း။

| | |
|---|---|
| A | ခေါင်း၊ အမြီးပြည့်စုံသောဒေါင်းရုပ် ရုပ်ကြွပုံ ပြုလုပ်နိုင်ခြင်း။ |
| S | ခေါင်း သို့မဟုတ် အမြီးသာပါသောရုပ်ကြွပုံ ပြုလုပ်နိုင်ခြင်း။ |
| E | ရုပ်ကြွပုံ မပြုလုပ်နိုင်ခြင်း။ |


ကလေးလက်ရာများ



သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ | ရောင်စုံစက္ကူ | ကော် | ကတ်ကြေး

၂၅

## သတိပြုရမည့်အချက်များ

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ဒေါင်းရုပ်၏ အမြီးဒီဇိုင်းနှင့် ပတ်သက်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | စိတ်ကူးဖြင့် ပုံဖော်ထားသည့်အတိုင်း ထည့်သွင်းကာ ရှင်းပြနိုင်ခြင်း။ |
| S | ပုံဖော်ထားသည့်အတိုင်း ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- ■ ကလေးများ ပြုလုပ်ထားသော လက်ရာများကို အချင်းချင်းပြသစေပြီး ဒေါင်းရုပ်အမြီးဒီဇိုင်း မည်ကဲ့သို့ ပြုလုပ်ထားသည်ကို ရှင်းပြစေမည်။
- ● အချင်းချင်း ဆွေးနွေးမည်။

**နိဂုံး (၅ မိနစ်)**

- ■ ကလေးအချို့ကို အတန်းရှေ့ထွက်၍ ဒေါင်းရုပ်အမြီးဒီဇိုင်း မည်ကဲ့သို့ ပြုလုပ်ထားသည်ကို ရှင်းပြစေမည်။
- ● ကလေးအချို့အတန်းရှေ့ထွက်၍ ရှင်းပြမည်။

DBE Box

## ၄-၃ ပုံပြောင်းကစားစရာ ဖန်တီးခြင်း
## စာသင်ချိန် ၂ ချိန်

### သင်ယူမှုဦးတည်ချက်

စက္ကူဖြင့် ပုံပြောင်းကစားစရာ ဖန်တီးပြုလုပ် ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ဆရာ- A4 စက္ကူတစ်ရွက်ကို (၄× ၂၉. ၇ စင်တီမီတာ)ဖြင့် ၅ပိုင်း ပိုင်းထားသည့် စာရွက်ပိုင်း(ကလေးတစ်ဦးလျှင် တစ်ပိုင်းနှုန်း)၊ A4 စက္ကူ (ကလေးတစ်ဦးလျှင် တစ်ဝက်နှုန်း)၊ ကော်၊ ကတ်ကြေး၊ ဖယောင်းရောင်စုံ၊ ကြိုတင်ပြုလုပ်ထားသော နမူနာ တစ်ခု။
ကျောင်းသား- ပေတံ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
### ပထမစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

- ■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ ပုံပြောင်းကစားစရာကို မျက်လှည့်ပြသည့်ပုံစံဖြင့် စိတ်ဝင်စားဖွယ်ဖြစ်အောင် ပုံပြောင်းပြမည်။
- ● အာရုံစိုက်၍ ကြည့်ကြမည်။
- ■ ပုံပြောင်းကစားစရာလေး မလုပ်ချင်ဘူးလားဟု မေးမည်။ စက္ကူကိုအသုံးပြုပြီး ပုံပြောင်းကစားစရာလေး ဖန်တီးပြုလုပ်ကြရအောင်ဟု ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို မေးမည်။
- ■ အုပ်စုကိုယ်စားလှယ်များအား သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို လာယူစေမည်။
- ■ ၄×၂၉. ၇ စင်တီမီတာအရွယ် ဖြတ်ထားသောစက္ကူပိုင်းများကို တစ်ဦးလျှင် တစ်ရွက်ပေးမည်။
- ■ ပုံပြောင်းကစားစရာပြုလုပ်ပုံ အဆင့်ဆင့်ကို ကျောင်းသုံးစာအုပ်ပါအတိုင်း အဆင့် (၁) မှ အဆင့် (၇) ထိ တစ်ဆင့်ချင်းစီ ဆရာနှင့်အတူ ပြုလုပ်စေမည်။
- ■ အဆင့်တစ်ဆင့်ပြီးတိုင်း ကလေးများအားလုံးလုပ်ဆောင်နိုင်ခြင်း ရှိမရှိကို လှည့်လည်ကြည့်ရှုပြီး အခက်အခဲရှိသော ကလေးများကို ပံ့ပိုးကူညီပေးပြီးမှသာ နောက်တစ်ဆင့်ကို သင်ကြားပေးမည်။
- ● ဆရာနှင့်အတူ တစ်ဆင့်ပြီး တစ်ဆင့်ဆောင်ရွက်မည်။


**နိဂုံး (၅ မိနစ်)**

- ■ အဆင့် (၇) အထိပြီးပါက မိမိအမည်ရေးကာ အုပ်စုကိုယ်စားလှယ်များက တစ်ဆင့် ဆရာ့ထံ အပ်နှံစေမည်။

**အခန်း(၄)** လက်မှုပစ္စည်းများ ပြုလုပ်ခြင်း

သင်ခန်းစာ(၃) ပုံပြောင်းကစားစရာ ဖန်တီးခြင်း




၂၆

### သတိပြုရမည့်အချက်များ

၁ ဆရာက နမူနာကို စက္ကူအကြီးဖြင့် ပြုလုပ်ရမည်။


၂ ပုံပြောင်းကစားစရာတစ်ခုပြုလုပ်ရာတွင် တြိဂံခေါက်ချိုး (၁၀)ခု ရှိရပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ပုံပြောင်းကစားစရာ ပြုလုပ်ခြင်း။

| | |
|---|---|
| A | ပုံသဏ္ဌာန်မှန်ကန်စွာ ပြုလုပ်နိုင်ပြီး လွယ်ကူစွာ ပြောင်းလဲနိုင်ခြင်း။ |
| S | ပုံသဏ္ဌာန်မှန်ကန်စွာ ပြုလုပ်နိုင်ပြီး လွယ်ကူစွာ မပြောင်းလဲနိုင်ခြင်း။ |
| E | မပြောင်းလဲနိုင်ခြင်း။ |

DBF BOX




## သတိပြုရမည့်အချက်များ

၃ အခြားမျက်နှာပြင်တစ်ဖက်ကို ပြောင်းရာတွင် ဟလျက်ရှိသော ခေါက်ချိုးရာမှ ချိုး၍ ခေါက်ပြီး ဖြန့်စေမည်။

၄ ပုံပြောင်းကစားစရာသည် သေးငယ်သည့်အတွက် ကျောင်းသား အားလုံးမြင်နိုင်ရန် အတန်းနောက်ရှိ ဝေးနေသောကျောင်းသားများ ကို မြင်နိုင်သောနေရာသို့ ရွှေ့ပြောင်းကြည့်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပုံပြောင်းကစားစရာတွင် သရုပ်ဖော်ရေးဆွဲထားသောပုံကို ရှင်းပြခြင်း။

| | |
|---|---|
| A | အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| S | ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ဒုတိယစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

- ပုံပြောင်းကစားစရာဖြင့် မျက်လှည့်ပြပြီး မည်သည့်ပုံများ ပြောင်းလဲသွားသည်ကို မေးမည်။
- ဒီလိုပုံတွေဆွဲပြီး မျက်လှည့်ပြကြည့်ကြမည်ဟု ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ပထမစာသင်ချိန်တွင် ပြုလုပ်ထားသောအရာနှင့် ဖယောင်းရောင်စုံများ ကို လာယူစေမည်။
- ကျောင်းသုံးစာအုပ်ပါ နမူနာပုံများကို ကြည့်၍ ၎င်းပုံများနှင့် မတူသော မိမိရေးဆွဲလိုသည့်ပုံကို စဉ်းစားစေမည်။
- အဆင့် (၈) အတိုင်း မိမိစိတ်ကူးထားသော ပုံကိုရေးဆွဲ၍ ဆေးရောင် ခြယ်စေမည်။
- အဆင့် (၉) အတိုင်း နောက်မျက်နှာပြင်တစ်ခုရရှိရန် ခေါက်ချိုးရာအတိုင်း ခေါက်ပြီး ဖြန့်စေမည်။
- အဆင့် (၁၁) မှ (၁၃) အထိ အဆင့်ဆင့်ပြုလုပ်စေပြီး ကျန်မျက်နှာပြင် နှစ်ခုကို ကျောင်းသုံးစာအုပ်ပါ ပုံနှင့်မတူအောင် ရေးဆွဲဆေးခြယ်စေမည်။
- လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ပံ့ပိုးကူညီပေးမည်။
- ပုံပြောင်းကစားစရာကို မျက်လှည့်ပြသည့်အနေဖြင့် ကလေးများအားလုံး မြင်သာအောင် ထပ်မံပြသပါမည်။
- ● ဆရာနှင့်အတူ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်မည်။
- အုပ်စုဝင်အချင်းချင်း မျက်လှည့်ပြစေမည်။
- အုပ်စုလိုက် အပြန်အလှန်မျက်လှည့်ပြ၍ မိမိတို့စဉ်းစားဖန်တီးထား သောအပိုင်းနှင့် စိတ်ဝင်စားဖွယ်ကောင်းသော အချက်များကို ပြော စေပြီး A4 စက္ကူတစ်ဝက်တွင် စာအနည်းငယ်ကို ရေးစေမည်။ ဥပမာ- ပန်းပွင့်လေးရဲ့ နောက်မှာ လိပ်ပြာနဲ့ ပျားပုံကလေး ထွက်လာပြီး ပုံပြင်တစ်ပုဒ်လို ဖန်တီးထားပါတယ်။

**နိဂုံး (၅ မိနစ်)**

- ကလေးအနည်းငယ်ကို အတန်းရှေ့ထွက်၍ မျက်လှည့်ပြပြီး ရှင်းပြစေ မည်။
- ● မျက်လှည့်ပြရာတွင် ဖန်တီးထားသောအပိုင်းနှင့် စိတ်ဝင်စားဖွယ်ကောင်း သောအချက်များကို ပြောမည်။
- မိမိနှစ်သက်သော ပုံစံများ ထပ်မံပြုလုပ်၍ မိသားစုဝင်များကိုလည်း မျက်လှည့်ပြနိုင်ကြောင်း ပြောမည်။

DBE BOX

# ၄-၄ စက္ကူဘူး ပြုလုပ်ခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

လက်ဆောင်ထည့်သည့် စက္ကူဘူးကို ပြုလုပ်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူ(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ရောင်စုံစက္ကူ(ကလေးတစ်ဦးလျှင် တစ်ရွက်နှုန်း)၊ ဖယောင်းရောင်စုံ၊ ကော်၊ ကတ်ကြေး၊ ကြိုတင်ပြုလုပ်ထားသော နမူနာ တစ်ခု။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ လက်ဆောင်ပေးချင်တဲ့သူတွေ ရှိပါသလား။ ဘယ်သူတွေကိုလဲဟု မေးမည်။
- ● အမေ သို့မဟုတ် သူငယ်ချင်းစသည်ဖြင့် ဖြေဆိုကြမည်။
- ■ ပြုလုပ်ထားသော နမူနာနှင့် ကျောင်းသုံးစာအုပ်ပါ နမူနာများကို ပြ၍ လက်ဆောင်ဘူးလေးတွေ မလုပ်ကြည့်ချင်ဘူးလားဟု မေးကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။


**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို မေးမည်။
- ■ အုပ်စုလိုက် သင်ကြားသင်ယူမှု အထောက်ကူပစ္စည်းများကို လာယူစေမည်။
- ■ A4 စက္ကူတစ်ရွက်နှင့် ရောင်စုံစက္ကူတစ်ရွက်ကို အဆင့် ၁ အတိုင်း ကော်ဖြင့် ကပ်စေမည်။
- ■ ကျောင်းသုံးစာအုပ်ပါအတိုင်း အဆင့် (၁) မှ (၇) အထိ ဆရာနှင့်အတူ ပြုလုပ်စေမည်။
- ● ဆရာလမ်းညွှန်မှုနှင့်အညီ တစ်ဆင့်ချင်းစီ လုပ်ဆောင်ကြမည်။
- ■ လက်ဆောင်ရမဲ့သူက ဘာပုံကို ကြိုက်မယ်ထင်သလဲ။ ကြိုက်မည်ထင်သည့် ပုံကို စဉ်းစား၍ ရှင်းပြစေမည်။ စဉ်းစားထားသောပုံကို ရေးဆွဲစေမည်။
- ● ရေးဆွဲမည်။

အခန်း(၄) **လက်မှုပစ္စည်းများ ပြုလုပ်ခြင်း**

**သင်ခန်းစာ(၄) စက္ကူဘူး ပြုလုပ်ခြင်း**




၂၈

**သတိပြုရမည့်အချက်များ**

1. A4 စက္ကူတစ်ရွက်နှင့် ရောင်စုံစက္ကူ တစ်ရွက်ကပ်ခြင်းမှာ ဘူးပြုလုပ်ရာတွင် အသားထူစေရန်ဖြစ်ကြောင်း သတိပြုရမည်။
2. ဘူး၏ အဖုံးထောင့်ကို ဝိုက်၍ ညှပ်စေမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ လက်ဆောင်ပစ္စည်းထည့်ရန် ဘူးပြုလုပ်ခြင်း။

| | |
|---|---|
| A | ဘူးကိုသေသပ်စွာ ပြုလုပ်နိုင်ခြင်း။ |
| S | ဘူးကို ပြုလုပ်နိုင်ခြင်း။ |
| E | ဘူးကို မပြုလုပ်နိုင်ခြင်း။ |

DBE BOOK




## သတိပြုရမည့်အချက်များ

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ဘူးဖုံးပေါ်တွင် ရေးဆွဲထားသည့်ပုံကို ရှင်းပြခြင်း။

| | |
|---|---|
| A | လက်ဆောင်ဘူးတွင် မည်သူ့အတွက်မည်သို့ ပုံရေးဆွဲထားသည်ကို ရှင်းပြနိုင်ခြင်း။ |
| S | လက်ဆောင်ဘူးတွင် မည်သူ့အတွက် ပုံရေးဆွဲထားသည်ကိုသာ ရှင်းပြနိုင်ခြင်း။ |
| E | လက်ဆောင်ဘူးတွင် ပုံရေးဆွဲထားသည်ကို မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- ■ အဆင့် (၉)၊ (၁၀) အတိုင်း စက္ကူဘူးဖြစ်လာအောင် အပြီးသတ်ပြုလုပ်စေမည်။
- ■ လက်ဆောင်ဘူး၏ အဖုံးတွင် မည်သူ့အတွက်မည်ကဲ့သို့ စဉ်းစား၍ ပုံရေးဆွဲခဲ့သည်ကို စာအနည်းငယ်ဖြင့် ရေးစေမည်။

  ဥပမာ- သူငယ်ချင်းအတွက် လက်ဆောင်ဘူးလုပ်ထားတယ်။ သူက သကြားလုံးကြိုက်လို့ ဘူးပေါ်မှာ အသဲပုံသကြားလုံးကလေး ဆွဲထားပါတယ်။

**နိဂုံး (၅ မိနစ်)**

- ■ အမှိုက်များကို သိမ်းစေမည်။
- ■ ကလေးအချို့အား လက်ဆောင်ဘူးကို ပြကာ မည်သူ့အတွက်မည်ကဲ့သို့ စဉ်းစား၍ ပုံရေးဆွဲခဲ့သည်ကို ရှင်းပြစေမည်။
- ● ကလေးအချို့ အတန်းရှေ့သို့ ထွက်၍ ရှင်းပြမည်။
- ■ ဒီနေ့ပြုလုပ်ထားတဲ့ ဘူးကလေးကို နှစ်သက်တဲ့သူဆီ လက်ဆောင်ပေးကြရအောင်ဟုပြောကာ သင်ခန်းစာကို နိဂုံးချုပ်မည်။

DBE BOX

# ၄-၅ စွန့်ပစ်ပစ္စည်းများဖြင့် အရုပ်ပြုလုပ်ခြင်း
## စာသင်ချိန် ၂ ချိန်

**သင်ယူမှုဦးတည်ချက်**

ပတ်ဝန်းကျင်ရှိ စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ လှပ်ရှားနိုင်သောအရာများ ပြုလုပ်ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ဆရာ- A4 စက္ကူ(တစ်ဦးလျှင်တစ်ရွက်နှင့် တစ်ဝက်)၊ ကော်၊ ကတ်ကြေး၊ ဖယောင်းရောင်စုံ၊ ချုပ်စက်၊ ကြိုတင်ပြုလုပ်ထားသော နမူနာ တစ်ခု။

ကျောင်းသား- ပတ်ဝန်းကျင်ရှိ စွန့်ပစ်ပစ္စည်းများ (ဥပမာ- သစ်ရွက်ခြောက်အမျိုးမျိုး၊ သတင်းစာစက္ကူ၊ ကော်ဖီမစ်အိတ်အခွံ . . . စသည်ဖြင့်)

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
### ပထမစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။

■ လှုပ်ရှားနိုင်သည့် စက္ကူချောင်း ကစားစရာကို ပြ၍ ဘာကစားစရာ ပြုလုပ်ချင်သလဲဟု မေးမည်။

● စဉ်းစား၍ ဖြေဆိုကြမည်။

■ လှုပ်ရှားနိုင်တဲ့ စက္ကူချောင်း ကစားစရာကလေး မလုပ်ချင်ဘူးလားဟု မေးပြီး သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို ကလေးများအား မေးမည်။

■ အုပ်စုကိုယ်စားလှယ်များအား သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို လာယူစေမည်။


■ လှုပ်ရှားနိုင်သည့် စက္ကူချောင်း ကစားစရာပြုလုပ်ပုံ အဆင့်ဆင့်ကို ကျောင်းသုံးစာအုပ်ပါအတိုင်း အဆင့် (၁) မှ (၁၅) အထိ တစ်ဆင့်ချင်းစီ ဆရာနှင့်အတူ ပြုလုပ်စေမည်။

■ အဆင့်တစ်ဆင့်ပြီးတိုင်း လှည့်လည်ကြည့်ရှု၍ ကလေးများအားလုံး လုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးပြီး အခက်အခဲရှိသော ကလေးများအား ပံ့ပိုးကူညီပေးပြီးမှသာ နောက်တစ်ဆင့်ကို သင်ကြားပေးမည်။

● ဆရာလမ်းညွှန်မှုအတိုင်း ဆောင်ရွက်ကြမည်။

**နိဂုံး (၅ မိနစ်)**

■ အားလုံးပြီးဆုံးပါက မိမိအမည်ကို ရေးပြီး အုပ်စုလိုက် အပ်နှံစေမည်။



**အခန်း(၄) လက်မှုပစ္စည်းများ ပြုလုပ်ခြင်း**

**သင်ခန်းစာ(၅) စွန့်ပစ်ပစ္စည်းများဖြင့် အရုပ်ပြုလုပ်ခြင်း**



ပြုလုပ်ပုံအဆင့်ဆင့်



၁။ A4 စက္ကူကို ထက်ဝက်ပိုင်း ဖြတ်ပါ။

၂။ စက္ကူအပိုင်း(က)ကို အလျားလိုက် ထက်ဝက်ထပ်မံပိုင်းဖြတ်ပါ။

၃။ ဖြတ်ထားသောစက္ကူ ၂ ပိုင်းကို ပုံပါအတိုင်း အဆင့်ဆင့်ခေါက်ပါ။

၄။ ခေါက်ထားသောစက္ကူ ၂ပိုင်းကို ကော်သုတ်ပြီး ကပ်ပါ။

၅။ စက္ကူချောင်းတစ်ခုကို ထက်ဝက် ခေါက်ပြီး ညှပ်ပါ။

၆။ ကျန်စက္ကူချောင်းတစ်ခုကို ဖြတ်ထားသောအပိုင်းဖြင့် တိုင်း၍ အလယ်ဗဟိုမှတ်ပါ။

၇။ အလယ်အမှတ်မှ ဘယ်ညာ ၂ စင်တီမီတာစီမှတ်ပါ။

၈။ ချုပ်စက်ကို စောင်း၍ ချုပ်ပါ။

၉။ ကျန်စက္ကူအပိုင်း(ခ)ကို ထက်ဝက် ခေါက်၍ ကော်သုတ်ပြီး ကပ်ပါ။

၃၀


### သတိပြုရမည့်အချက်များ

❶ ဆရာက နမူနာကို စက္ကူအကြီးဖြင့် ပြုလုပ်ရမည်။


### စစ်ဆေးအကဲဖြတ်ခြင်း

၁။ စက္ကူဖြင့် လှုပ်ရှားနိုင်သော ကစားစရာပြုလုပ်ခြင်း။

| | |
|---|---|
| A | အလွယ်တကူ လှုပ်ရှားအောင် ပြုလုပ်နိုင်ခြင်း။ |
| S | လှုပ်ရှားအောင် ပြုလုပ်နိုင်ခြင်း။ |
| E | လှုပ်ရှားအောင် မပြုလုပ်နိုင်ခြင်း။ |




၂












သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ


A4 စက္ကူ


ကော်


စွန့်ပစ်ပစ္စည်းများ


ကတ်ကြေး


ချုပ်စက်

၃၁

## သတိပြုရမည့်အချက်များ

၂ စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်ထားသော ပုံများကို မကပ်မီ စက္ကူချောင်း ကောင်းမွန်စွာ လှုပ်ရှားမှုရှိ မရှိကို ပြန်လည်စစ်ဆေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ဖန်တီးပုံဖော်ထားသည်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | ဖန်တီးပုံဖော်ထားသည်ကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| S | ဖန်တီးပုံဖော်ထားသည်ကို ရှင်းပြနိုင်ခြင်း။ |
| E | ဖန်တီးပုံဖော်ထားသည်ကို မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ဒုတိယစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

- ပထမစာသင်ချိန်တွင် ပြုလုပ်ထားသော စက္ကူချောင်းကစားစရာနှင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို လာယူစေမည်။
- အိမ်မှ စွန့်ပစ်ပစ္စည်းများယူလာသလားဟု မေးမည်။
- စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်ထားသော အရုပ်ကို စိတ်ဝင်စားဖွယ်ဖြစ်အောင်လုပ်ပြပြီး ဘယ်လိုပုံစံမျိုး ဖန်တီးချင်သလဲဟု မေးကာ သင်ခန်းစာကို နိဒါန်းပျိုးမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ပထမစာသင်ချိန်တွင် ပြုလုပ်ထားသော စက္ကူချောင်းပေါ်တွင် ယူဆောင်လာသော စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ မည်ကဲ့သို့ ပုံဖော်မည်ကို စဉ်းစားစေမည်။
- စဉ်းစားထားသည့်အတိုင်း စွန့်ပစ်ပစ္စည်းများကို ညှပ်၍ ကော်ဖြင့်ကပ်စေမည်။
- လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ပံ့ပိုးကူညီပေးမည်။
- ● အချင်းချင်း ရိုင်းပင်းကူညီ၍ ဆရာ၏ လမ်းညွှန်မှုအတိုင်း ဆောင်ရွက်ကြမည်။
- လှုပ်ရှားနိုင်သည့် ကစားစရာကို စိတ်ဝင်စားဖွယ်ဖြစ်အောင် အုပ်စုအတွင်း အချင်းချင်းအပြန်အလှန် ကစားပြစေပြီး မည်ကဲ့သို့ စဉ်းစား၍ ဖန်တီးထားသည်ကို ရှင်းပြစေမည်။
- ● ရှင်းပြမည်။ ဥပမာ-သစ်ရွက်ခြောက်တွေနဲ့ လှုပ်ရှားနိုင်တဲ့ ပန်းပင်ကလေး ဖန်တီးထားတယ်။
- A4 စက္ကူတစ်ဝက်တွင် မိမိရေးဆွဲဖန်တီးထားသောအပိုင်းကို စာအနည်းငယ်ဖြင့် ရေးစေမည်။

**နိဂုံး (၅ မိနစ်)**

- ကျောင်းသားအချို့အတန်းရှေ့သို့ ထွက်၍ လှုပ်ရှားနိုင်သည့်အရုပ်ကို ကစားပြပြီး မည်ကဲ့သို့ဖန်တီးထားကြောင်း ရှင်းပြစေမည်။
- ● ကစားပြ၍ ရှင်းပြမည်။
- သင်ထောက်ကူပစ္စည်းများကို ဆရာ့ထံအပ်နှံ၍ အမှိုက်များကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်စေမည်။
- မိမိနှစ်သက်သောပုံစံများကို ထပ်မံပြုလုပ်၍ မိသားစုဝင်များကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြနိုင်ကြောင်း ပြောပြီး သင်ခန်းစာကို နိဂုံးချုပ်ပါမည်။

DBE Box

## ၄-၆ ခြေလေးချောင်းရှိသော တိရစ္ဆာန်အရုပ်များ ပြုလုပ်ခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

ရွှံ့နှင့် တုတ်ချောင်းများကို အသုံးပြု၍ တောင့်တင်းခိုင်မာသော ရုပ်ပုံများ ပြုလုပ်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ဆရာ- ရွှံ့(ကလေးတစ်ဦးလျှင် အစိတ်သားခန့်)၊ ကတ်ထူစက္ကူ (တစ်ဦးလျှင် အလျား ၉လက်မ × အနံ ၇လက်မတစ်ရွက်)၊ သတင်းစာစက္ကူ။

ကျောင်းသား - သွားကြားထိုးတံ အရွယ်တုတ်ချောင်းငယ် (တစ်ဦးလျှင် ၈ ချောင်းခန့်)

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ ရွှံ့ကို သုံးပြီး ဘယ်လိုပစ္စည်းတွေ ပြုလုပ်ဖူးသလဲ၊ ဘယ်လိုလုပ်ခဲ့ကြသလဲဟု မေးမည်။

● မိမိတို့၏ အတွေ့အကြုံများကို ပြန်စဉ်းစား၍ ဖြေဆိုမည်။

■ ယနေ့သင်ခန်းစာသည် ရွှံ့တွင် သွားကြားထိုးတံအရွယ် တုတ်ချောင်းငယ်များကို တိုင် အဖြစ် ထည့်သွင်း၍ ခြေလေးချောင်းရှိသော တိရစ္ဆာန် ဥပမာ- ဆင်၊ ကျား၊ ခွေး၊ ကြောင်၊ ဝက်၊ မြင်း၊ သိုး၊ သမင်. . . စသည်ဖြင့် ပြုလုပ်ကြမည်ဟုပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**


■ ကျောင်းသုံးစာအုပ်ပါ ပြုလုပ်ပုံအဆင့် (၁) မှ (၃) အထိကို ကျောင်းသားများ အားလုံးမြင်နိုင်သောနေရာမှနေ၍ အရွယ်အစားကြီးကြီး ပြုလုပ်ပြမည်။

■ အဆင့် (၂) ကို ပြုလုပ်ရာ၌ ကိုယ်ထည်နှင့် ခေါင်း၊ လက်၊ ခြေထောက်များကို ဆက်ရာတွင် ခိုင်ခန့်မှုရှိစေရန် သွားကြားထိုးတံအရွယ် တုတ်ချောင်းငယ်များကို တိုင်အဖြစ် ထည့်သွင်းအသုံးပြုရမည် ဖြစ်ကြောင်း ရှင်းပြမည်။

■ အုပ်စုကိုယ်စားလှယ်များအား သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို လာယူစေမည်။

■ မိမိတို့ပြုလုပ်ချင်သောခြေလေးချောင်းရှိသည့် တိရစ္ဆာန်များနှင့်မည်ကဲ့သို့ ပုံဖော်ပြုလုပ်မည်ကို စဉ်းစား၍ အချင်းချင်းပြောစေမည်။

● စိတ်ကူးများကို လွတ်လပ်စွာပြောမည်။




### သတိပြုရမည့်အချက်များ

၁ ရွှံ့ပြင်ဆင်ရန် အခက်အခဲရှိပါက ကစားစရာဂျုံကို အသုံးပြုနိုင်သည်။

၂ ဆရာက ပြုလုပ်ပုံ အဆင့် (၁) မှ (၃) အထိသာ ပြုလုပ်ပြရပါမည်။

၃ ရွှံ့နှင့် သွားကြားထိုးတံအရွယ် တုတ်ချောင်းငယ်များလိုအပ်ပါက ထပ်ပေးနိုင်သည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ရွှံ့နှင့် သွားကြားထိုးတံအရွယ် တုတ်ချောင်းများကို အသုံးပြု၍ ခြေလေးချောင်းရှိသော တိရစ္ဆာန်များပြုလုပ်ခြင်း။

| | |
|---|---|
| A | ပုံစံပေါ်၍ တောင့်တင်းခိုင်မာသော တိရစ္ဆာန်ပုံကို ပြုလုပ်နိုင်ခြင်း။ |
| S | တောင့်တင်းခိုင်မာသော တိရစ္ဆာန်ပုံကို ပြုလုပ်နိုင်ခြင်း။ |
| E | တောင့်တင်းခိုင်မာသော တိရစ္ဆာန်ပုံကို မပြုလုပ်နိုင်ခြင်း။ |

DBE



ကလေးလက်ရာများ

၄



သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ရွှံ့ | သွားကြားထိုးတံအရွယ် တုတ်ချောင်းငယ် | ကတ်ထူစက္ကူ

၃၃

## သတိပြုရမည့်အချက်များ

၄ စစ်ဆေးအကဲဖြတ်ခြင်းပြုလုပ်ပြီးပါက ကလေးလက်ရာများကို ပြန်ပေးနိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ တောင့်တင်းခိုင်မာသော ရွှံ့ရုပ်ဖြစ်စေရန် တုတ်ချောင်းများအား မည်ကဲ့သို့ စဉ်းစား၍ အသုံးပြုထားသည်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | အသေးစိတ် ရှင်းပြနိုင်ခြင်း။ |
| S | ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- ■ စားပွဲခုံပေါ်တွင် သတင်းစာစက္ကူ ခင်းစေမည်။ အဆင့် (၁) မှ (၃) ပါအတိုင်း ကိုယ်ထည်တစ်ခု ပြုလုပ်စေမည်။
- ● လွတ်လပ်စွာ ပြုလုပ်ကြမည်။
- ■ အဆင့် (၄) တွင် စဉ်းစားထားသည့် တိရစ္ဆာန်၏ ပုံကို ပြုလုပ်စေမည်။ တုတ်ချောင်းကဲ့သို့သော ပစ္စည်းများကို သုံးပြီး တိရစ္ဆာန်၏ မျက်လုံး၊ နှုတ်ခမ်းစသည်တို့ကို ပုံဖော်စေမည်။ ဥပမာ- နွားရုပ်တွင် မျက်လုံး၊ ပါးစပ်၊ နားရွက်၊ လည်ရစ် . . . စသည်ဖြင့်။
- ■ အတန်းတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပံ့ပိုးကူညီပေးမည်။
- ■ နားမလည်သည်များ၊ အခက်အခဲများကို အချင်းချင်း ရိုင်းပင်းကူညီစေမည်။
- ■ ပြုလုပ်ပြီးသော လက်ရာများကို ကတ်ထူစက္ကူပေါ်တွင် တင်စေပြီး ကတ်ထူစက္ကူပေါ်၌ မိမိတို့၏ အမည်များကို ရေးစေမည်။
- ■ ပိုနေသောရွှံ့များကို ပြန်လည်အသုံးပြုနိုင်ရန် သိမ်းစေမည်။ မိမိနေရာအား သန့်ရှင်းရေးပြုလုပ်စေမည်။
- ■ တောင့်တင်းခိုင်မာသောရွှံ့ရုပ်ဖြစ်စေရန် တုတ်ချောင်းအား မည်ကဲ့သို့ စဉ်းစား၍ အသုံးပြုထားသည်ကို ကလေးအချင်းချင်း အပြန်အလှန် ရှင်းပြစေမည်။
- ● ရှင်းပြမည်။ ဥပမာ- ကျွန်တော်က သစ်ကုလားအုတ်လုပ်ထားတယ်။ လည်ပင်းရှည်လို့ လည်ပင်းနေရာမှာ တုတ်ချောင်း ၂ ချောင်း၊ လက်နဲ့ ခြေထောက်တွေမှာ တုတ်ချောင်းသေးကို ထည့်ပြီး ခိုင်ခံ့အောင် ပြုလုပ်ထားပါတယ်။
- ■ ကလေးများရှင်းပြနေစဉ် အုပ်စုများ အတွင်းလှည့်လည်ကြည့်ရှုပြီး ကောင်းမွန်သော လက်ရာအချို့ကို ရွေးချယ်ထားမည်။

**နိဂုံး (၅ မိနစ်)**

- ■ ရွေးချယ်ထားသော ကလေးအချို့အတန်းရှေ့ထွက် ရှင်းပြစေမည်။
- ● ကလေးအချို့ အတန်းရှေ့သို့ ထွက်၍ ရှင်းပြမည်။
- ■ ကလေးလက်ရာများကို စက္ကူဖြင့် ထုပ်ပိုး၍ အိမ်သို့ ယူသွားစေမည်။

မှတ်ချက်

လက်ကိုင်ဖုန်းကင်မရာဖြင့် ကလေး လက်ရာများကို မှတ်တမ်းတင်ထားပြီးနောက် မှတ်တမ်းကိုကြည့်၍ စစ်ဆေးအကဲဖြတ်ခြင်းကို ပြုလုပ်နိုင်ပါသည်။ ကလေးလက်ရာများကို နေရောင်ခြည် တိုက်ရိုက်မထိဘဲ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိ၍ ခြောက်သွေ့အောင် ပြုလုပ်ရမည်။

DBEBOX

## ၄-၇ မျက်လှည့်ရုပ်ပုံ ပြုလုပ်ခြင်း
## စာသင်ချိန် ၂ ချိန်

### သင်ယူမှုဦးတည်ချက်

သုံးခေါက်ချိုးမျက်လှည့်ရုပ်ပုံ ပြုလုပ်ပြီး ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ဖယောင်းရောင်စုံ၊ ကတ်ကြေး၊ ကြိုတင်ပြုလုပ်ထားသော နမူနာ တစ်ခု။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်


### ပထမစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

- ■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ အသင့်ပြုလုပ်ထားသော စက္ကူရုပ်ကို မျက်လှည့်ပြမည်ဟု ပြောကြားပြသမည်။ ထိုသို့ ပြသရာတွင် မျက်နှာပြင် တစ်ကြိမ်ပြောင်းတိုင်း ကျောင်းသားများ မမြင်စေရန် သတိပြု၍ ပြောင်းပြပြီး အောက်ပါမေးခွန်းကို မေးမည်။
  - ဘာအဝတ်အစား ပြောင်းသွားသလဲ။
- ● လွတ်လပ်စွာဖြေဆိုကြမည်။
- ■ စက္ကူဖြင့် သုံးခေါက်ချိုး မျက်လှည့်ရုပ်ပုံ ပြုလုပ်ကြမည်ဟု ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို မေးမည်။
- ■ အုပ်စုကိုယ်စားလှယ်များအား သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို လာယူစေမည်။
- ■ ကျောင်းသုံးစာအုပ်ကို လေ့လာစေမည်။
- ■ ကျောင်းသုံးစာအုပ်ပါ ပြုလုပ်ပုံအဆင့် (၁) မှ (၃)အထိ ဆရာနှင့်အတူ ပြုလုပ်စေမည်။ အဆင့်တစ်ဆင့်ချင်းစီကို ကျောင်းသားများအားလုံး လုပ်ဆောင်နိုင်မှသာ နောက်တစ်ဆင့်ကို သင်ကြားပေးရမည်။
- ■ အဆင့် (၃) ကို ပြုလုပ်ရာတွင် နမူနာပုံများနှင့် မတူသော ရုပ်ပုံကို စဉ်းစား၍ ရေးဆွဲဆေးရောင်ခြယ်စေမည်။
- ● ရေးဆွဲဆေးရောင်ခြယ်မည်။




### သတိပြုရမည့်အချက်များ


❶ လူမဟုတ်သော သက်ရှိသတ္တဝါတွင် အဝတ်အစားများကို ဝတ်စေခြင်း၊ သက်ရှိသတ္တဝါ၏ မျက်နှာကို ပြောင်းခြင်းများပြုလုပ်၍လည်း ရသည်။

❷ အဆင့် (၅) နှင့် (၆) ပုံများကို ရေးဆွဲရာတွင် ခေါင်းနှင့်ခြေလက်များ ဆက်နေပုံမှာ သဘာဝမကျသော ပုံများမဖြစ်အောင် သတိပြုရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ မျက်လှည့်ရုပ်ပုံ ပြုလုပ်ခြင်း။

| | |
|---|---|
| A | ရေးဆွဲထားသည့်ပုံအတိုင်း တိကျစွာ ညှပ်နိုင်ခြင်း။ |
| S | ရေးဆွဲထားသည့်ပုံကို ညှပ်နိုင်ခြင်း။ |
| E | မညှပ်နိုင်ခြင်း။ |




## သတိပြုရမည့်အချက်များ

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ မျက်လှည့်ရုပ်ပုံတွင် မည်သည်ကိုရေးဆွဲ၍ မည်ကဲ့သို့ ပြောင်းလဲအောင် ဖန်တီးထားသည်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | မျက်လှည့်ရုပ်ပုံတွင် မည်သည်ကိုရေးဆွဲ၍ မည်ကဲ့သို့ ပြောင်းလဲအောင် ဖန်တီးထားသည်ကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| S | မျက်လှည့်ရုပ်ပုံတွင် မည်သည်ကို ရေးဆွဲထားကြောင်း သို့မဟုတ် မည်ကဲ့သို့ ပြောင်းလဲအောင် ဖန်တီးထားကြောင်းကို ရှင်းပြနိုင်ခြင်း။ |
| E | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- ■ အဆင့် (၄) ပါအတိုင်း ရုပ်ပုံ၏ အပေါ်ပိုင်းကို ဆရာနှင့်အတူ ညှပ်ထုတ်စေမည်။
- ■ အတန်းတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပံ့ပိုးကူညီပေးမည်။

**နိဂုံး (၅ မိနစ်)**

- ■ ရေးဆွဲပြီးပါက ရုပ်ပုံ၏ နောက်ကျောဘက်တွင် မိမိ၏ အမည်ကိုရေးပြီး သင်ထောက်ကူပစ္စည်းများနှင့် ရုပ်ပုံကို အပ်နှံစေမည်။
- ■ စက္ကူညှပ်စများကို သိမ်းစေမည်။

### ဒုတိယစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

- ■ အပ်နှံထားသောရုပ်ပုံနှင့် ဖယောင်းရောင်စုံများကို အုပ်စုကိုယ်စားလှယ်များအား လာယူစေမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကျန်မျက်နှာပြင်နှစ်ဖက်တွင် မည်သည့်ဝတ်စုံများ ရေးဆွဲမည်ကို စဉ်းစားစေမည်။
- ■ အဆင့် (၅) တွင် ဝတ်စုံတစ်စုံကို ရေးဆွဲဆေးရောင်ခြယ်စေမည်။
- ● ရုပ်ပုံတွင် ရေးဆွဲဆေးရောင်ခြယ်မည်။
- ■ အဆင့် (၆) ကိုလည်း အဆင့် (၅) ကဲ့သို့ ပြုလုပ်စေမည်။
- ■ ရုပ်ပုံ၏ နောက်ကျောဘက်တွင် မိမိရေးဆွဲထားသည်မှာ မည်သည့်အဝတ်အစားများဖြစ်သည်နှင့် မည်ကဲ့သို့ပြောင်းလဲအောင် ဖန်တီးထားသည်ကို စာအနည်းငယ်ဖြင့် ရေးသားစေမည်။

ဥပမာ- သမီးက မနက်ပိုင်းမှာ ကျောင်းဝတ်စုံ အဖြူနဲ့ အစိမ်း၊ နေ့ခင်းပိုင်းမှာ အိမ်နေရင်းဝတ်တဲ့ အနီရောင်ဂါဝန်၊ ညပိုင်းမှာ ပန်းရောင် ညအိပ်ဝတ်စုံ ဆိုပြီးတော့ မတူတဲ့ အဝတ်အစား ၃ စုံကို ရေးခြယ်ထားပါတယ်။

- ■ ကလေးများအချင်းချင်း မျက်လှည့်ရုပ်ပုံကိုပြသ၍ ရှင်းပြစေမည်။
- ■ ကလေးများ ရှင်းပြနေစဉ် အတန်းတွင်း လှည့်လည်ကြည့်ရှု၍ ပံ့စံကျနပြီး အသေးစိတ်ရှင်းပြနိုင်သော ကလေးအချို့ကို ရွေးချယ်ထားရမည်။

**နိဂုံး (၅ မိနစ်)**

- ■ ရွေးချယ်ထားသော ကလေးအချို့ကို အတန်းရှေ့ထွက်၍ မျက်လှည့်ရုပ်ပုံကို ပြောင်းလဲပြစေပြီး မည်ကဲ့သို့ ပြောင်းလဲအောင် ဖန်တီးထားသည်ကို ရှင်းပြစေမည်။
- ● ကလေးအချို့ အတန်းရှေ့သို့ ထွက်၍ ရှင်းပြမည်။



DBE Box

# ၄-၈ နှစ်သက်ဖွယ်နေရာ ဖန်တီးခြင်း
## စာသင်ချိန် ၂ ချိန်

**သင်ယူမှုဦးတည်ချက်**

နေရာတစ်ခုကို ပူးပေါင်းဖန်တီး၍ ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူ(ကလေးတစ်ဦးလျှင်တစ်ဝက်နှုန်း)၊ သတင်းစာစက္ကူ၊ ကော်၊ ကတ်ကြေး၊ တိပ်၊ ကြိုတင်လိပ်ထားသော သတင်းစာစက္ကူချောင်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
### ပထမစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

■ တစ်အုပ်စုလျှင် ၆ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။

■ သတင်းစာစက္ကူတုတ်ချောင်းကို ပြ၍ ဘာနဲ့လုပ်ထားတယ်လို့ ထင်သလဲ။ ဘယ်လိုလုပ်ထားတယ်လို့ ထင်သလဲဟု မေးမည်။

● ပါဝင်ပစ္စည်းနှင့် ပြုလုပ်ပုံကို စဉ်းစား၍ ဖြေဆိုမည်။

■ ကျောင်းသုံးစာအုပ်ပါ နမူနာနှင့် အသင့်ပြုလုပ်ထားသော နမူနာစက္ကူတုတ်ချောင်းကို ပြသပြီး နှစ်သက်ရာ နေရာတစ်ခုဖန်တီးကြမည် ဖြစ်ကြောင်းပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို မေးမည်။

■ အုပ်စုလိုက် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို လာယူစေမည်။

■ စက္ကူချောင်းလိပ်ပုံလိပ်နည်း အဆင့် (၁)နှင့် (၂)ကို ဆရာနှင့်အတူ ပြုလုပ်စေမည်။ ကလေးတစ်ဦးလျှင် အနည်းဆုံး ၁၀ ချောင်းခန့် ပြုလုပ်စေမည်။

■ ပြုလုပ်ထားသော စက္ကူချောင်းကို မည်ကဲ့သို့ ချိတ်ဆက်နိုင်သည်ကို နမူနာပြမည်။ တုတ်ချောင်းကို ဆက်ခြင်း၊ ဖြတ်ခြင်း၊ ခေါက်ခြင်း၊ တိပ်ဖြင့် ပတ်ခြင်း . . . စသည်ဖြင့် ချိတ်ဆက်ပြုလုပ်နိုင်ကြောင်း နမူနာပြမည်။

■ နမူနာပြုလုပ်ပြသည့်အတိုင်း တုတ်ချောင်းများကို ချိတ်ဆက်ပြုလုပ်စေမည်။

● တုတ်ချောင်းများ ပြုလုပ်မည်။

■ မည်ကဲ့သို့သောနေရာ ပြုလုပ်လိုသည်ကို အုပ်စုလိုက် ဆွေးနွေးစေမည်။


■ တိုင်ပင်ဆွေးနွေးပြီးပါက မည်ကဲ့သို့သော နေရာပြုလုပ်မည်ကို အတန်းသို့ တင်ပြစေမည်။

■ အချိန်ရလျှင် အဖွဲ့လိုက် စတင်ပြုလုပ်စေမည်။

● နမူနာပြသည့်အတိုင်း စက္ကူချောင်းများကို ချိတ်ဆက်ပြုလုပ်ကြမည်။

**နိဂုံး (၅ မိနစ်)**

■ အမှိုက်များကို သိမ်းဆည်း၍ ပြုလုပ်ထားသော စက္ကူချောင်းများကို အပ်နှံစေမည်။



အခန်း(၄) လက်မှုပစ္စည်းများ ပြုလုပ်ခြင်း

သင်ခန်းစာ(၈) နှစ်သက်ဖွယ်နေရာ ဖန်တီးခြင်း

ပြုလုပ်ပုံအဆင့်ဆင့်

၁။ စက္ကူကို ထောင့်စွန်းမှ စ၍ လိပ်ပါ။

၂။ စက္ကူအစွန်းကို ဘယ်လက်ဖြင့် ထိန်းထားပါ။

၃။ အနားအဆုံးကို တိပ်ဖြင့် ကပ်ပါ။

စက္ကူ ၂ ချောင်းထိပ်ဝနှစ်ခုကို ချိတ်ဆက်နိုင်သည်။

စက္ကူချောင်းအချင်းချင်းဆက်၍ လိုရာပုံသဏ္ဌာန်ပြုလုပ်နိုင်သည်။



၃၆

**သတိပြုရမည့်အချက်များ**

၁ ကြမ်းပြင်နေရာ အလွတ်ရှိပါက ကြမ်းပြင်ပေါ်တွင် ပြုလုပ်၍လည်း ရသည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ စက္ကူတုတ်ချောင်းများဖြင့် နေရာတစ်ခု ပြုလုပ်ခြင်း။

| | |
|---|---|
| A | နေရာတစ်ခုကို တောင့်တင်းခိုင်မာစွာ ပြုလုပ်နိုင်ခြင်း။ |
| S | နေရာတစ်ခုကို ပြုလုပ်နိုင်ခြင်း။ |
| E | မပြုလုပ်နိုင်ခြင်း။ |

DRAFT




## သတိပြုရမည့်အချက်များ

J သတင်းစာစက္ကူမရရှိနိုင်ပါက တုတ်ချောင်း၊ သစ်ကိုင်းခြောက်၊ ကတ်ထူစက္ကူအစရှိသည်တို့ကို အသုံးပြု၍ ပြုလုပ်နိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို ရေးသားရှင်းပြခြင်း။

| | |
|---|---|
| A | မိမိနှင့် မိမိအဖွဲ့ဝင်များက မည်ကဲ့သို့သောအပိုင်းကို ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို ရှင်းပြနိုင်ခြင်း။ |
| S | မိမိက မည်ကဲ့သို့သောအပိုင်းကို ပူးပေါင်း ဆောင်ရွက်ခဲ့သည်ကို ရှင်းပြနိုင်ခြင်း။ |
| E | ပူးပေါင်းဆောင်ရွက်ခဲ့သည့်အပိုင်းကို မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ဒုတိယစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

■ ကလေးများ ပထမစာသင်ချိန်တွင် အပ်နှံထားသော စက္ကူတုတ်ချောင်းများကို လာယူစေမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ပထမစာသင်ချိန်တွင် ဆွေးနွေးထားသော နေရာများကို အုပ်စုလိုက် ပူးပေါင်းဖန်တီးစေမည်။

■ လှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပံ့ပိုးကူညီပေးမည်။

■ မိမိနှင့် သူငယ်ချင်းများမည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို A4 စက္ကူတစ်ဝက်တွင် ရေး၍ ရှင်းပြစေမည်။

● ရေးသားရှင်းပြမည်။

ဥပမာ- ကျွန်တော်က စက္ကူတုတ်ချောင်းကို တပ်နေတုန်း အခြားတစ်ယောက်က မပြိုလဲအောင် ထိန်းထားပေးတယ်။ လိုဏ်ခေါင်းအမိုး လုပ်တဲ့နေရာမှာလဲ တိပ်နဲ့ သေချာကပ်ကြတယ်။

■ အမှိုက်များကို သိမ်းဆည်းစေမည်။

**နိဂုံး (၅ မိနစ်)**

■ အုပ်စုလိုက် မိမိတို့ မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို ရှင်းပြစေမည်။

● အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ရှင်းပြမည်။

မှတ်ချက်

ပထမစာသင်ချိန်နှင့် ဒုတိယစာသင်ချိန်ကို တစ်ဆက်တည်း သင်ကြားရမည်။

DBE BOX

## ၅-၁ မြန်မာ့ပန်းချီပညာကို လေ့လာခြင်း
## စာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်

ရှေးမြန်မာ့ပန်းချီ၏ တန်ဖိုးကို နားလည်၍ ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ(ကလေးတစ်ဦးလျှင် တစ်ဝက်နှုန်း)၊ ကျောင်းသုံးစာအုပ်ပါ လက်ရာပုံများ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။

■ ကျောင်းသုံးစာအုပ်ပါပုံများ ပြသ၍ အောက်ပါမေးခွန်းများကို ဖြေဆိုစေမည်။

- ဒီပုံတွေကို ဘယ်မှာတွေ့ဖူးသလဲ။

● ပြတိုက်၊ ဘုရားကျောင်းကန်ရှိ နံရံများစသည်ဖြင့် လွတ်လပ်စွာ ဖြေဆိုမည်။

■ ရှေးမြန်မာ့ပန်းချီများနှင့် ပတ်သက်၍ လေ့လာကြမည်ဖြစ်ကြောင်း ပြောကာ သင်ခန်းစာအား နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**


■ ကျောင်းသုံးစာအုပ်ပါ ညာဘက်စာမျက်နှာရှိ ပုံများကို ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်ဟူ၍ အစီအစဉ်အလိုက် ကြည့်စေမည်။ ပန်းချီကားများကို လေ့လာရန် အချိန်အလုံအလောက် ပေးမည်။

■ အောက်ပါမေးခွန်းများကို အုပ်စုလိုက် ဆွေးနွေးတင်ပြစေမည်။

- ဘယ်ခေတ်ကရေးထားတဲ့ ပန်းချီကားတွေလဲ။
- ပန်းချီကားတွေထဲက လူတွေဘာလုပ်နေသလဲ။
- ဘယ်ပန်းချီကားက ရှေးအကျဆုံးပန်းချီကားလို့ ထင်သလဲ။

● ကျောင်းသုံးစာအုပ်ပါပုံကို ကြည့်၍ မိမိတို့ တွေ့မြင်ချက်များကို အုပ်စုအလိုက်ဆွေးနွေးမည်။ ဆွေးနွေးထားသည်များကို အတန်းသို့တင်ပြမည်။

■ ခေတ်အလိုက်ရေးဆွဲနည်းကွဲပြားပြီး၊ ရှေးအခါက ဂူနံရံ၊ ကျောက်နံရံနှင့် ပုရပိုက်တို့တွင်လည်း ရေးဆွဲခဲ့ကြောင်း ရှင်းပြမည်။




### သတိပြုရမည့်အချက်များ

● ကလေးများ၏ ပုံရှင်းလင်းချက်များမှာ မူရင်းအဓိပ္ပာယ်နှင့် ကွဲပြားမှုရှိပါက မှားယွင်းနေကြောင်းမပြောဘဲ ၎င်းတို့၏ ရှင်းလင်းချက်ကို အလေးထားရမည်။ ဥပမာ- ရှင်းလင်းချက်က စိတ်ဝင်စားစရာပဲ။ ကလေးများအား စဉ်းစားတွေးခေါ်စေလိုသောကြောင့် လွတ်လပ်စွာ ဖြေဆိုစေပါမည်။ အဖြေတိုက်ရန် မလိုပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ကျောင်းသုံးစာအုပ်ရှိ ရှေးမြန်မာ့ပန်းချီပုံများမှ ရေးနည်းများကို ရှာဖွေခြင်း။

| | |
|---|---|
| A | ပန်းချီပုံများတွင်ပါဝင်သော ရေးနည်းများကို မှန်ကန်စွာ ရှာဖွေနိုင်ခြင်း။ |
| S | ရေးနည်းအချို့ကိုသာ ရှာဖွေနိုင်ခြင်း။ |
| E | မရှာဖွေနိုင်ခြင်း။ |




## သတိပြုရမည့်အချက်များ

၁ ရတနာပုံခေတ်ပုံတွင် မြန်မာ့ပန်းချီရေးနည်း ၄မျိုးစလုံးပါရှိသည်။

၂ ပုဂံခေတ်ပုံတွင် ကနုတ်၊ နာရီရေးနည်းပါရှိပြီး ရှေးအကျဆုံးပုံ ဖြစ်ပါသည်။

၃ အင်းဝခေတ်ပုံတွင် ရေးနည်း ၄မျိုးစလုံးပါရှိသည်။

၄ ကုန်းဘောင်ခေတ်ပုံတွင် ကပီနှင့် နာရီရေးနည်း ပါရှိပါသည်။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- ■ ကျောင်းသုံးစာအုပ်ရှိ မြန်မာ့ပန်းချီရေးနည်း ၄မျိုးကို ကလေးများအား လေ့လာစေမည်။
- ■ ကလေးများလေ့လာနေစဉ် တစ်ဦးလျှင် A4 စက္ကူတစ်ဝက်ကို ခွဲဝေပေးမည်။
- ■ အောက်ပါမေးခွန်းများကို အုပ်စုလိုက် ဆွေးနွေးစေမည်။
  - ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာဆိုတာတွေက ဘယ်အကြောင်းအရာနဲ့ ပတ်သက်ပြီး ရေးဆွဲထားသလဲ။
  - ခေတ်အလိုက်ရေးဆွဲထားတဲ့ ပုံတွေမှာ ပါဝင်တဲ့ မြန်မာ့ပန်းချီရေးနည်း ၄ မျိုးက ဘာတွေလဲ။
- ● တွေ့ရှိလာသော ရေးနည်းများကို အုပ်စုအတွင်း ဆွေးနွေးမည်။
- ■ အုပ်စုအတွင်းဆွေးနွေးပြီးပါက ပုံများတွင်ပါရှိသော မြန်မာ့ပန်းချီရေးနည်းများကို A4 စက္ကူတစ်ဝက်တွင် ရေးစေမည်။
- ● တစ်ဦးချင်းစီ A4 စက္ကူတစ်ဝက်တွင် ရေးမည်။

**နိဂုံး (၅ မိနစ်)**

- ■ ပုံ ၄ ပုံကို ကြည့်၍ မည်သည့်ပုံကို နှစ်သက်သနည်း။ ဘာကြောင့်နှစ်သက်သနည်းဟု မေးမည်။
- ● ကလေးများ လွတ်လပ်စွာ ဖြေဆိုကြမည်။
- ■ နှစ်သက်သောပုံများကို ထိန်းသိမ်းရန် ဘာတွေလိုအပ်သလဲဟု မေးမည်။
- ● ပုံပေါ်တွင် ရေးခြစ်ခြင်းမပြုလုပ်ရ၊ မကိုင်ရစသည်ဖြင့် လွတ်လပ်စွာ ဖြေဆိုကြမည်။
- ■ ရှေးမြန်မာ့ပန်းချီပုံများသည် ခေတ်အလိုက် အမျိုးမျိုးရှိခဲ့ကြောင်း မြန်မာပန်းချီ ရေးနည်းများကို ထည့်သွင်းရေးဆွဲထားကြောင်း၊ မိမိတို့သည် မြန်မာလူမျိုးများဖြစ်သည့်အတွက် မြန်မာလူမျိုးတို့ ရေးဆွဲထားသည့် ပုံများကို အမြတ်တနိုးတန်ဖိုးထား၍ ထိန်းသိမ်းရမည်ဖြစ်ကြောင်းနှင့် ယခုအချိန်မှစ၍ ပန်းချီများကို ကြည့်ရှုရာတွင် မြန်မာ့ပန်းချီ ရေးနည်း ၄ မျိုးထဲမှ မည်သည့်ရေးနည်းကို အသုံးပြုထားသည်ကို စဉ်းစား၍ လေ့လာရမည်ဖြစ်ကြောင်းပြောကာ သင်ခန်းစာကို နိဂုံးချုပ်မည်။

**ဆရာများသိရန်**

- ■ ပုဂံခေတ် (၁၁ရာစု-၁၃ရာစု)
- ■ ပင်းယ-အင်းဝခေတ် (၁၄ရာစု-၁၅ရာစု)
- ■ ကုန်းဘောင်-အမရပူရ-ရတနာပုံခေတ် (၁၈ရာစု-၁၉ရာစု)

## မူပိုင်ခွင့်

ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသော ရှေးရိုးမြန်မာပန်းချီစာအုပ်ပါ ပုံများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနထံမှ ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသည်။

DBE BOX

## ၅-၂ မြန်မာ့ပန်းပဲ၊ ပန်းရန်ပညာများကို လေ့လာခြင်း
## စာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်

မြန်မာ့ရိုးရာ ပန်းပဲအနုပညာနှင့် ပန်းရန်အနုပညာများ၏ တန်ဖိုးကို သိရှိနားလည်ပြီး ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်ပါ လက်ရာပုံများ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။
- ■ ကျောင်းသုံးစာအုပ်ပါ လက်ရာပုံများကို ပြသ၍ အောက်ပါမေးခွန်းများကို ဖြေဆိုစေမည်။
  - ဒီလက်ရာပုံတွေကို ဘယ်နေရာတွေမှာ တွေ့ဖူးသလဲ။
  - ဘယ်ပန်းအနုပညာတွေနဲ့ လုပ်ထားတယ်လို့ ထင်သလဲ။
- ● လွတ်လပ်စွာ ဖြေဆိုကြမည်။
- ■ ပန်းပဲနှင့် ပန်းရန်အနုပညာရပ်များဖြစ်ပြီး ထိုပညာရပ်များကို လေ့လာမည်ဟု ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကျောင်းသုံးစာအုပ်ပါ ပန်းပဲလက်ရာပုံများကို ပြ၍ ထိုလက်ရာများကို မည်သည့်ပစ္စည်းများဖြင့် ပြုလုပ်ထားသည်ကို ခန့်မှန်းပြောစေမည်။ လက်ရာပုံများကို လေ့လာရန် အချိန်အလုံအလောက်ပေးရမည်။
- ● လွတ်လပ်စွာ ဖြေဆိုကြမည်။
- ■ ပန်းပဲပညာရပ်အကြောင်းကို အောက်ပါအတိုင်းရှင်းပြမည်။
- ■ ပန်းပဲပညာဆိုသည်မှာ သံကို မီးအားကောင်းကောင်းဖြင့် ရဲနေအောင် ဖုတ်၍ လိုရာသံထည်ပစ္စည်းထုလုပ်သော လုပ်ငန်းဖြစ်သည်။
- ■ ပန်းပဲပညာရှင်တို့သည် သံမှို၊ ပေါက်ပြား၊ တူရွင်း၊ ပုဆိန်၊ ရဲတင်း၊ ဓား၊ တူ၊ ကတ်ကြေး၊ လှံ စသည်တို့ကို ပြုလုပ်ကြသည်။
- ■ ကျောင်းသုံးစာအုပ်ပါ ပန်းပဲပြုလုပ်ပုံ အဆင့်ဆင့်ကို ဆရာနှင့်အတူ လေ့လာစေမည်။
- ■ လေ့လာပြီးပါက အောက်ပါမေးခွန်းများကို အုပ်စုလိုက် ဆွေးနွေးစေမည်။
  - ပတ်ဝန်းကျင်မှာ ပန်းပဲပညာနဲ့ ပြုလုပ်ထားတဲ့အရာတွေက ဘာတွေလဲ။
  - ဘယ်နေရာတွေမှာ တွေ့ဖူးသလဲ။ ဘယ်နေရာတွေမှာ အသုံးပြုသလဲ။
  - ပန်းပဲပစ္စည်းတွေထဲက ဘယ်ပစ္စည်းကို လိုချင်သလဲ၊ ဘာကြောင့်လဲ။
- ● အုပ်စုအချို့ ဆွေးနွေးတင်ပြကြမည်။

**အခန်း(၅) မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း**

**သင်ခန်းစာ(၂) မြန်မာ့ပန်းပဲ၊ ပန်းရန်ပညာများကို လေ့လာခြင်း**




ပြုလုပ်ပုံအဆင့်ဆင့်



၁။ သံကို မီးအားပြင်းပြင်းဖြင့် အပူပေးပါ။

၂။ အပူပေးပြီးသံထည်ကို တူဖြင့် ထုကာ လိုရာပုံသွင်းပါ။

၃။ ပန်းပဲလက်ရာတစ်ခု ရရှိပါမည်။




၄၀


### သတိပြုရမည့်အချက်များ

၁ ပန်းပဲလက်ရာများသည် အများအားဖြင့် ချွန်ထက်သောပစ္စည်းများဖြစ်သောကြောင့် ထိုပစ္စည်းများကို ကိုင်တွယ်အသုံးပြုရာတွင် ထိခိုက်ဒဏ်ရာ မရအောင် သတိပြုစေမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ပန်းပဲ၊ ပန်းရန်အနုပညာလက်ရာများကို သိရှိပြီး ပြောပြခြင်း။

| | |
|---|---|
| A | ပတ်ဝန်းကျင်ရှိ ပန်းပဲနှင့် ပန်းရန်အနုပညာလက်ရာများကို ပြောနိုင်ခြင်း။ |
| S | ပန်းပဲ သို့မဟုတ် ပန်းရန်အနုပညာလက်ရာတစ်ခုကိုသာ ပြောနိုင်ခြင်း။ |
| E | အနုပညာလက်ရာများကို မပြောနိုင်ခြင်း။ |



ဓမ္မရံကြီးဘုရား

မန္တလေးတောင်ခြေရှိ ခြသေ့ရုပ်ကြီး

မင်းကွန်းပုထိုးတော်ကြီး

ပြုလုပ်ပုံအဆင့်ဆင့်

၁။ အုတ်ကို ဘိလပ်မြေဖြင့် တွယ်ကပ်၍ စီပါ။

၂။ စီထားသောအုတ်ပေါ်တွင် ဘိလပ်မြေ ဖြည့်ပြီး အချောသတ်ပါ။

၃။ ပန်းရန်လက်ရာသရက်ကင်းပုံစံ လှေကားရရှိပါမည်။

၄၁

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- ■ ကလေးများ၏ ဖြေဆိုချက်များကို သင်ပုန်းမှတ်ချက်ရေးမည်။
- ■ ကျောင်းသုံးစာအုပ်ပါ ပန်းရန်လက်ရာပုံများကိုပြ၍ ထိုလက်ရာများကို မည်သည့်ပစ္စည်းများဖြင့် ပြုလုပ်ထားသည်ကို ခန့်မှန်းပြောစေမည်။
- ● လွတ်လပ်စွာဖြေဆိုကြမည်။
- ■ ပန်းရန်ပညာရပ်အကြောင်းကို အောက်ပါအတိုင်း ရှင်းပြမည်။
- ■ ပန်းရန်ဆိုသည်မှာ မြေအုတ်၊ ကျောက်အုတ်တို့ကို အင်္ဂတေနှင့် တွဲကပ်၍ လိုရာ အဆောက်အအုံများ တည်ဆောက်သောလုပ်ငန်းဖြစ်သည်။
- ■ ပန်းရန်ပညာရှင်တို့သည် တိုက်အိမ်၊ ဘုရားစေတီ၊ တံတားစသည်တို့ကို တည်ဆောက်ကြသည်။ ပန်းရန်ပညာရပ်ဖြင့် ခေါင်မိုးများပြုလုပ်ရာတွင် ပြိုကျမှု မရှိစေရန် အပေါ်ကား၊ အောက်ကျဉ်း သပ်ပုံစံဖြင့် အုတ်များစီကာ ပြုလုပ်ထားသည်။
- ■ ကျောင်းသုံးစာအုပ်ပါ ပန်းရန်ပြုလုပ်ပုံအဆင့်ဆင့်ကို ဆရာနှင့်အတူ လေ့လာစေပြီး အောက်ပါ မေးခွန်းများကို အုပ်စုလိုက် ဆွေးနွေးစေမည်။
  - ပတ်ဝန်းကျင်မှာ ပန်းရန်ပညာနဲ့ ပြုလုပ်ထားတဲ့အရာတွေက ဘာတွေလဲ။
  - ဘယ်နေရာတွေမှာ တွေ့ရသလဲ။
  - ဘယ်နေရာတွေကို သွားချင်တာလဲ၊ ဘာကြောင့်လဲ။
- ● အုပ်စုအချို့ ဆွေးနွေးတင်ပြကြမည်။
- ■ ကလေးများ၏ ဖြေဆိုချက်များကို သင်ပုန်းမှတ်ချက် ရေးမည်။

**နိဂုံး (၅ မိနစ်)**

- ■ အောက်ပါမေးခွန်းကို အုပ်စုလိုက် ဖြေဆိုစေမည်။
  - ပန်းပဲ၊ ပန်းရန်အနုပညာရပ်တွေက နေ့စဉ်ဘဝမှာ မရှိတော့ရင် ဘာဖြစ်လာနိုင်သလဲ။
- ● လွတ်လပ်စွာဖြေဆိုကြမည်။
- ■ ပန်းပဲပညာသည် သမိုင်းဦးခေတ်ကပင် ပေါ်ပေါက်ခဲ့သော ပညာရပ်ဖြစ်ပြီး လက်နက်များ၊ အိမ်သုံး၊ အများသုံးပစ္စည်းများကို ပြုလုပ်ခဲ့သည်။ ယနေ့ထိတိုင် ပန်းပဲလက်ရာများကို နေ့စဉ်ဘဝတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း ရှင်းပြမည်။ ပန်းရန်ပညာရပ်သည် မြန်မာတို့ မြို့ပြနိုင်ငံစတင် တည်ထောင်ခဲ့ကြရာတွင် တည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုခဲ့သည်။ ပုဂံဘုရားများကို လေ့လာခြင်းဖြင့် မြန်မာတို့၏ အဆင့်အတန်းမြင့်မားသော ပန်းရန်လက်ရာများကို သိရှိနိုင်ကြောင်း ရှင်းပြမည်။
- ■ ဤကဲ့သို့ ပန်းဆယ်မျိုးပါပညာရပ်များသည် မြန်မာတို့အတွက် အလေးထားမြတ်နိုးရသော အနုပညာရပ်များဖြစ်ကြောင်းပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါမည်။

## သတိပြုရမည့်အချက်များ

- ကလေးများ၏ အဖြေမှာ ကွဲပြားမှုမရှိပါက မှားယွင်းနေကြောင်း မပြောဘဲ၊ ကလေးများ၏ ရှင်းလင်းချက်ကို အလေးထားရမည်။ ဥပမာ-အသုံးပြုပုံပြုနည်းက စိတ်ဝင်စားဖို့ ကောင်းတယ်နော်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပန်းပဲ၊ ပန်းရန် အနုပညာရပ်၏ အသုံးဝင်ပုံကို ပြောခြင်း။

| | |
|---|---|
| A | ပန်းပဲနှင့် ပန်းရန်အနုပညာရပ်၏ အသုံးဝင်ပုံကို ပြောနိုင်ခြင်း။ |
| S | ပန်းပဲ သို့မဟုတ် ပန်းရန်အနုပညာရပ်၏ အသုံးဝင်ပုံကို ပြောနိုင်ခြင်း။ |
| E | မပြောနိုင်ခြင်း။ |

## မူပိုင်ခွင့်

ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသော အကြောင်းအရာများသည် သက်ဆိုင်ရာ ပန်းချီပညာရှင်ထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။

**ရသခံစားတန်ဖိုးထားမှု**



DBEBOX

# ၅-၃ မြန်မာ့နိပါတ်ပန်းချီကို လေ့လာခြင်း
## စာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်

နိပါတ်ပန်းချီလက်ရာများကို ခံစားတန်ဖိုးထားရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ(ကလေးတစ်ဦးလျှင် တစ်ဝက်နှုန်း)၊ ကျောင်းသုံးစာအုပ်ပါ လက်ရာပုံများ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ တစ်အုပ်စုလျှင် ၄ ယောက်စီ အုပ်စုများဖွဲ့၍ ထိုင်စေမည်။

■ ကျောင်းသုံးစာအုပ်ကို ကြည့်စေပြီး အောက်ပါမေးခွန်းများကို မေးမည်။

- ဒီပုံတွေကို ဘယ်နေရာတွေမှာ တွေ့ဖူးသလဲ။
- နိပါတ်ပန်းချီဆိုတာ ကြားဖူးသလား။

● လွတ်လပ်စွာ ဖြေဆိုကြမည်။

■ နိပါတ်ပန်းချီကားတွေနဲ့ ပတ်သက်ပြီး လေ့လာကြရအောင်ဟု ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ နိပါတ်ပန်းချီကားများသည် မည်ကဲ့သို့သော ပုံများဖြစ်သည်ကို အုပ်စုအတွင်း လေ့လာကြည့်ရှုစေမည်။ ပန်းချီကားများကို လေ့လာရန် အချိန်အလုံအလောက်ပေးမည်။

■ ကျောင်းသုံးစာအုပ်ရှိ နိပါတ်ပန်းချီ၏ အဓိပ္ပာယ်ကို ဖတ်စေမည်။

■ အောက်ပါမေးခွန်းများကို မေးမည်။

- ပန်းချီကားတွေထဲက လူတွေအများဆုံးပါတဲ့ ပုံက ဘယ်ပုံလဲ။
- ပန်းချီကားတွေရဲ့ မတူတဲ့အချက်တွေက ဘာတွေလဲ။
- ဒီပန်းချီကားတွေက ဘယ်ပေါ်မှာ ရေးထားတယ်လို့ ထင်သလဲ။
- ပုံတွေမှာ ဘယ်လိုအရောင်တွေ သုံးထားသလဲ။

● မေးခွန်းများကို လွတ်လပ်စွာ ဖြေဆိုကြမည်။

■ နိပါတ်ပန်းချီနှင့် ပတ်သက်၍ အောက်ပါအချက်အလက်များကို ရှင်းပြမည်။

- နိပါတ်ပန်းချီသည် ဂူ၊ ဘုရား၊ နံရံများပေါ်တွင် ရေးဆွဲခဲ့ကြရာမှ ၁၉၀၀ ပြည့်နှစ်နောက်ပိုင်းတွင် သွပ်ပြား၊ ကင်းပတ်စများပေါ်တွင် ပြောင်းလဲရေးဆွဲလာသော ရေးဆွဲနည်းအသစ်ဖြစ်သည်။
- နိပါတ်ပန်းချီကားများကို သစ်သားဘောင်ခတ်ထားသော ၆ပေ × ၃ပေ၊ ၇ပေ × ၃ပေ၊ ၈ပေ × ၃ပေ အရွယ် သွပ်ပြား၊ ကင်းပတ်စ များပေါ်တွင် ရေးဆွဲလေ့ရှိကြသည်။

---

**အခန်း(၅)** မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း

**သင်ခန်းစာ(၃) မြန်မာ့နိပါတ်ပန်းချီကို လေ့လာခြင်း**

အခုကစပြီး အနုပညာလက်ရာတွေကို လေ့လာကြည့်ရအောင်။
တခြားမြင်ဖူးတဲ့ ပန်းချီကားတွေနဲ့ မတူတဲ့အချက်တွေက ဘာတွေလဲ။
မိမိသာ ပန်းချီကားထဲ ပါဝင်ခွင့်ရမယ်ဆိုရင် ဘယ်နေရာတွေမှာ ပါဝင်ခွင့်ရချင်သလဲ။

၁ မြတ်စွာဘုရားက ဆံတော် ၈ ဆူကို ကုန်သည်ညီနောင်တို့အား ပေးအပ်တော်မူပုံ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားစောင်းတန်း။




နိပါတ်ပန်းချီဆိုသည်မှာ ဘုရားမြတ်စွာ၏ ရှေးဘဝအဖြစ်အပျက်ဇာတ်တော်များကို ဂါထာအရေအတွက်အလိုက် စုစည်းထားသော ဇာတ်ဝတ္ထုအစုတို့ကို ရေးဆွဲထားသော အနုပညာလက်ရာများ ဖြစ်သည်။

၂ အဇာတသတ်မင်းနှင့် မယ်တော်ဝေဒေဟီမိဖုရားစကားပြောခန်း၊ မန္တလေးမြို့၊ အိမ်တော်ရာစေတီ၊ ၁၄ ခန်းရေပ်အတွင်း။



၄၂

---

### သတိပြုရမည့်အချက်များ

၁ ပုံ ၁ ဆံတော် ၈ ဆူ ပေးအပ်ပုံကို လေ့လာစေမည်။

၂ ပုံ ၂ အဇာတသတ်မင်းကမိဘမေတ္တာ၏ ဂုဏ်ကျေးဇူးကြီးမားပုံကို ခံစားနားလည်မိစေသော အကြောင်းအရင်းကို လေ့လာစေမည်။

● ကလေးများ၏ ရှင်းလင်းချက်များကို အသိအမှတ်ပြုရမည်။
ဥပမာ- ရှင်းလင်းချက်က စိတ်ဝင်စားစရာပဲ။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ နိပါတ်ပန်းချီအကြောင်း (အဓိပ္ပာယ်၊ ရေးနည်း၊ အကြောင်းအရာ) ရှင်းပြခြင်း။

| | |
|---|---|
| A | နိပါတ်ပန်းချီအကြောင်း ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း။ |
| S | နိပါတ်ပန်းချီအကြောင်း ရှင်းပြနိုင်ခြင်း။ |
| E | နိပါတ်ပန်းချီနှင့် ပတ်သက်၍ မရှင်းပြနိုင်ခြင်း။ |



DBE

၃ မင်းမြောက်ခန်း၊ ရွှေတောင်မြို့၊ ရွှေနတ်တောင်ဘုရားရှိ မြောက်ဘက်မုခ်စောင်းတန်း။



၄ သုဝဏ္ဏသာမဇာတ် (သုဝဏ္ဏသာမသတို့သားမြားဆိပ်ပြယ်သောအခန်း)၊ ကရင်ပြည်နယ်၊ ကျောက်ကလပ် ဓမ္မာရုံအတွင်း။



၅ မဟောသဓဇာတ် (ထီးချက်စောင့်နတ်သမီး ပုစ္ဆာလေးမျိုးမေးခန်း)၊ ကရင်ပြည်နယ်၊ ကျောက်ကလပ် ဓမ္မာရုံအတွင်း။



၄၃

## သတိပြုရမည့်အချက်များ

၃ ပုံ ၃ ရှေးယခင် မင်းနှင့် မှူးမတ်တို့၏ ဝတ်စားဆင်ယင်ပုံနှင့် အခမ်းအနားကျင်းပပုံကို လေ့လာစေမည်။

၄ ပုံ ၄ မိဘတို့ သစ္စာဓိဋ္ဌာန်ပြုကြ၍ သုဝဏ္ဏသာမသတို့သား မြားဆိပ်ပြယ်ရကြောင်းကိုပြောပြ၍ သစ္စာတရား၏ လေးနက်ပုံကို ခံစားသိရှိစေမည်။

၅ ပုံ ၅ အရောင်များကွဲပြားခြားနားနေပုံကို လေ့လာစေပြီး ပုံပါလူများ ဘာလုပ်နေသည်ကို စဉ်းစားစေမည်။

● နိပါတ်ပန်းချီသင်ခန်းစာကို အနုပညာလက်ရာတစ်ရပ်အနေဖြင့်သာ လေ့လာရပါမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ ပန်းချီကားများထဲတွင် မိမိပါဝင်ချင်သည့်နေရာ၊ ပါဝင်ချင်သည့် အကြောင်းပြချက်နှင့် ပတ်သက်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | မိမိပါဝင်ချင်သည့် နေရာ၊ ပါဝင်ချင်သည့် အကြောင်းပြချက်နှင့် ပတ်သက်၍ ရှင်းပြနိုင်ခြင်း။ |
| S | မိမိပါဝင်ချင်သည့်နေရာနှင့် ပတ်သက်၍ ရှင်းပြနိုင်ခြင်း။ |
| E | မိမိပါဝင်ချင်သည့်နေရာ၊ ပါဝင်ချင်သည့် အကြောင်းပြချက်နှင့် ပတ်သက်၍ မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

- နိပါတ်ပန်းချီကို ယခင်က သွပ်ပြားပေါ်တွင် ရေးဆွဲကြသဖြင့်သဘော ဆေးကိုသာ အများဆုံးအသုံးပြုခဲ့ကြပြီး ယခုအခါ ကင်းပတ်စပေါ်တွင် ဆီဆေး၊ အခရစ်လစ် (Acrylic)များဖြင့် ပြောင်းလဲရေးဆွဲလာကြသည်။

**နိဂုံး (၅ မိနစ်)**

■ ပန်းချီကားများကို ကြည့်၍ မိမိသာ ပန်းချီကားတွင် ပါဝင်ခွင့်ရမည်ဆိုလျှင် မည်သို့သောနေရာမျိုးတွင် ပါဝင်ခွင့်ရချင်သလဲ၊ ဘာကြောင့်လဲဟု မေးပြီး စဉ်းစားစေမည်။

● စဉ်းစားကြမည်။

■ ကလေးအချို့အား ကျောင်းသုံးစာအုပ်ကို အတန်းရှေ့သို့ ယူလာပြီး မိမိစဉ်းစားထားသည့် ပါဝင်လိုသောနေရာကို လက်ဖြင့် ထောက်ပြ၍ ရှင်းပြစေမည်။

● အတန်းရှေ့ထွက်ပြီး ရှင်းပြကြမည်။

■ ယနေ့ လေ့လာခဲ့ရသော နိပါတ်ပန်းချီနှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကို စာအနည်းငယ်ဖြင့် ရေးသားရှင်းပြစေမည်။

- ပန်းချီကားအမျိုးအစားက ဘယ်လိုပုံစံရှိသလဲ။
- ဘာအကြောင်းအရာတွေ ရေးထားသလဲ။
- ဘာပစ္စည်းတွေ သုံးပြီး ရေးထားသလဲ။

● ရရှိလာသော A4 စက္ကူတစ်ဝက်ပေါ်တွင် စာအနည်းငယ်ရေးသားကြမည်။

■ ကျောင်းသုံးစာအုပ်ပါ နိပါတ်ပန်းချီကားများအပြင် လက်ရာမြောက်သော ပန်းချီကားများ မြန်မာနိုင်ငံအနှံ့အပြားရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများတွင် လေ့လာနိုင်ကြောင်းပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါမည်။

**ပန်းချီကားများ၏ ရှင်းလင်းချက်**

၁ ၁၉၇၀-၁၉၇၁ ခုနှစ်ခန့်က ပန်းချီဆရာကြီး ဦးဘကြည် ရေးဆွဲခဲ့သော ရန်ကုန်မြို့၊ ဗိုလ်တစ်ထောင်ဘုရားဝင်း အာရုံခံတန်စောင်းတွင် ချိတ်ဆွဲထားရှိသောပုံ၊

၂ ၁၉၄၉-၁၉၅၀ ခုနှစ်ခန့်က နိပါတ်ပန်းချီဆရာကြီး ဦးချစ်မြ (ရှမ်းပွဲ-မန္တလေး)ရေးဆွဲခဲ့သော မန္တလေးမြို့၊ အိမ်တော်ရာစေတီ၊ ၁၄ ခန်းဇရပ်အတွင်းတွင် ချိတ်ဆွဲထားရှိသောပုံ၊

၃ ၁၉၆၃-၁၉၆၄ ခုနှစ်ခန့်က အတူပုံရေး ဆရာအေး၏ သားဖြစ်သူ ပန်းချီဆရာကြီးဦးစောမောင် ရေးဆွဲထားသော ရွှေတောင်မြို့၊ ရွှေနတ်တောင်ဘုရားမြောက်ဘက်မုခ်စောင်းတန်းတွင် ချိတ်ဆွဲထားရှိသောပုံ၊

၄ ၅ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် နိပါတ်ပန်းချီဆရာကြီး ဦးသန်းကြွယ်က ရေးဆွဲထားသော ကရင်ပြည်နယ်၊ ကျောက်ကလပ်ဓမ္မာရုံအတွင်း ချိတ်ဆွဲထားရှိသောပုံများ။

## မူပိုင်ခွင့်

ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသော အကြောင်းအရာများသည် သက်ဆိုင်ရာ ပန်းချီပညာရှင်နှင့် မိသားစုထံမှ ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသည်။